ပြဟ္မစရိယဉ္စ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၈)


### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## လမ်းကြိတ်စက်များပြည်တွင်း၌ထုတ်လုပ်နိုင် နိုင်ငံခြားသုံးငွေ များစွာသက်သာ

■ ရန်ကုန်မြို့တော်နယ်နိမိတ်တွင် ဘတ်စ်ကားနှင့်ကုန်တင်ကားများကို သဘာဝဓာတ်ငွေ့သုံးကားများအဖြစ် ပြောင်းလဲပြီးက တစ်လလျှင် ဓာတ်ဆီဂါလန်သုံးသိန်းကျော်၊ ဒီဇယ်ဂါလန် နှစ်သန်း သုံးသိန်းခန့်အထိလျှော့နည်းသက်သာမည်၊

■ ပြည်တွင်းဈေးကွက်သို့ ပြည်တွင်းဖြစ် မော်တော်ဆိုင်ကယ်များ တိုးချဲ့ထုတ်လုပ်နိုင်အောင် မှန်မှန်ကန်ကန်သန့်သန့်ရှင်းရှင်းဖြင့် ဆက်လက်ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်၊

■ လမ်းကြိတ်စက်များကိုပြည်တွင်းမှာပင် အောင်မြင်စွာ ထုတ်လုပ်နိုင်သဖြင့် နိုင်ငံခြားသုံးငွေ များစွာသက်သာ။

# မိမိတို့ပိုင်ကိုအရည်အသွေးများမြှင့်တင်၍ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများထူထောင်နိုင်အောင်ကြိုးစား မော်တော်ကားနှင့်မော်တော်ဆိုင်ကယ်ထုတ်လုပ်ရာတွင် ကိုယ်ပိုင်အတတ်ပညာနှင့်ဖန်တီးနိုင်မှုအပေါ်အဓိကအားပြုလုပ်ကိုင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မကွေးတိုင်းစက်မှုကဏ္ဍဖွံ့ဖြိုးရေးလှည့်လည်ကြည့်ရှုစစ်ဆေးမှာကြား

**ရန်ကုန် စက်တင်ဘာ ၁၄**

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် စက်တင်ဘာ ၁၁ ရက် ညနေပိုင်းတွင် မကွေးတိုင်း ရေနံချောင်းမြို့ စက်မှုဇုန်ခန်းမသို့ရောက်ရှိကြရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ရေနံချောင်းစက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ ✻**

**မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံ ကြည့်ရှုစစ်ဆေး**



စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရေနံချောင်းမြို့ရှိ ရွှေနဂါး စက်မှုလက်မှု STAR မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

# ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး နိုင်ငံတော်နှင့်အတူ စေတနာရှင်များ ဆက်လက် လက်တွဲကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းရေးအတွက် မြို့ပြနှင့် ကျေးလက် ကွာဟမှုမရှိစေဘဲ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို လမ်းညွှန်မှု ပြုထားသည်။

ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် ပထမဦးစွာ ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ၁၉၉၉ခုနှစ် ဧပြီလမှစ၍ ၁၀နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး အဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၃ ရက်က ရန်ကုန်မြို့ သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမဌကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်-

**"နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ သောက်သုံးရေဖူလုံစွာရရှိအောင်၊ ကျေးရွာပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်လာအောင် ယခုကဲ့သို့ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်နေခြင်း ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာ၈၀၄၂ ရွာအနက် စီမံကိန်းကာလစတင်သော ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ၄၉၀၇ ရွာအတွက် သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အခြားပြည်နယ်နှင့်တိုင်းများရှိ ကျေးရွာ ၁၅၁၈၃ ရွာအနက် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာ ၅၆၉၅ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရန် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။

စေတနာရှင်များ ပူးပေါင်းပါဝင်လာသဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ အရှိန်အဟုန်ရလာပြီဖြစ်သည်။ ရေရရှိရေးအတွက် စုစုပေါင်းအလှူရှင် ၁၀၃၉ ဦးတို့က ပထမအကြိမ်မှ သတ္တမအကြိမ်အထိ ငွေကျပ် ၈၁၂၁ ဒသမ ၈၀၃၈သိန်း၊ အမေရိကန်ဒေါ်လာ ၆၇၇၂၂၊ ယူရိုငွေ ၂၇၀ နှင့် အက်ဖ်အီးစီ ၁၀၀၁၂ တို့ကို သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့ကြပြီးဖြစ်သည်။ ယင်းလှူဒါန်းငွေများဖြင့် စက်ရေတွင်းစုစုပေါင်း ၁၄၀၉ တွင်း တူးဖော်ပေးခဲ့ကြောင်း ဝမ်းမြောက်ဖွယ် ကြားသိခဲ့ရသည်။

ယခုအဋ္ဌမအကြိမ်တွင် အလှူရှင် ၁၆၃ ဦးတို့က ငွေကျပ် ၁၂၀၃ ဒသမ ၅၂၀၃၀ သိန်း၊ အမေရိကန်ဒေါ်လာ ၅၀၀နှင့် ယူရို ၅၀၀ ကြိုတင်စာရင်းပေးထားခဲ့ကြောင်း သိရသည်။ ၎င်းအလှူငွေများဖြင့် ကျေးရွာ ၈၀တွင် ကျပ်သိန်း ၇၀၈ ဒသမ ၃၁၈၅ဖြင့် စက်ရေတွင်း ၈၀ ကို ကြိုတင်တူးဖော် ဆောင်ရွက်လျက်ရှိရာ ၃၁ တွင်း တူးဖော်ဆောင်ရွက်ပြီးကြောင်း သိရှိရသည်။

ရေရရှိရေးလုပ်ငန်းများအတွက် အလှူဒါနပြုကြခြင်းသည် သန့်ရှင်းသောသောက်သုံးရေ မရရှိသေးသည့်၊ သို့မဟုတ် မလုံလောက်သေးသည့် ကျေးလက်ဒေသများရှိ ပြည်သူများ၏ လူနေမှုဘဝ ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် တိုက်ရိုက်အကျိုးပြုသော မွန်မြတ်သည့် အလှူဒါနတစ်ခုဖြစ်ပေသည်။

သန့်ရှင်းသော သောက်သုံးရေရရှိလာခြင်းဖြင့် ကျေးလက်နေပြည်သူများ ရေအတွက်ကြောင့်ကြမှု ကင်းဝေးစေသည်နှင့်အမျှ ကျန်းမာရေးနှင့်ညီညွတ်ပြီး ကျေးရွာနေပြည်သူများ စိတ်လက်ချမ်းသာစွာဖြင့် မိမိတို့၏လုပ်ငန်းများကို ပိုမိုအာရုံစိုက်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ရေရရှိရေး မွန်မြတ်သည့်လုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်ရေးအတွက် နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများက ဆက်လက်၍ လက်တွဲပူးပေါင်းကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၅-၉-၂၀၀၄**
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲ လမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **- ဗျည်းဆုံးနာမ်၊ သချာနာမ်နှင့် နာမဝိသေသန** (အရှေ့တိုင်း မြန်မာစာ၊ ဒုသနိုက၊ ရသ-ပထမနှစ်)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၄ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ ကြံ့ခိုင်စည်းလုံးပြည့်လက်ရုံး
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း-၃၆)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေရောင်လွှမ်းသည့် ရွှေလမ်းဆီသို့"** (အပိုင်း-၁) သရုပ်ဆောင်-လူမင်း၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေ ဒါရိုက်တာ-တင်သန်းဦး

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၄

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား အီတလီနိုင်ငံ ရောမမြို့ရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)ဌာနချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Shelia Sisulu သည် အဖွဲ့ဝင်များလိုက်ပါလျက် ယမန်နေ့ မွန်းလွဲ ၁ နာရီက ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံဂါရဝပြုသည်။**

### တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်အတူ ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ငွေ၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



**ဩဂုတ် ၁၇ ရက်က အမှတ် ၁၆ အောင်တေဇလမ်း ဖျိုင်းရေအိုးစင် ကွက်သစ် တာမွေမြို့နယ်နေ ဖခင် ဦးအုန်းမောင် - မိခင် ဒေါ်လှလှ တို့က ကွယ်လွန်သူ သမီး ဒေါ်နွဲ့နွဲ့ဝင်း အားရည်စူး၍ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံစီမံဌာနခွဲမှူး ဦးသိန်းမောင်က လက်ခံရယူစဉ်။** (က-ပ)

# အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန်နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၁၄

**အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၄ ခုနှစ်အတွက် (၁၅)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။**

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသောခေါင်းစဉ်မှာ 'ဖွံ့ဖြိုးဝေစည်မြန်မာပြည်'ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် (၁၀ x ၁၂)လက်မထက် မငယ်သော အရွယ်အစား Print ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

### ပူးတွဲပေးပို့

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ(Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲ ပေးပို့ရမည်။

### ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏ အမည်ကို ၂၀၀၄ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာ မည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်အကြောင်း သိကောင်းစရာ

မြန်မာနိုင်ငံတွင် နေ့စဉ်ခရီးသွားဦးရေ ၇ဒသမ၄သန်း နှင့်ကုန်စည်တန်ချိန် ၂ဒသမ၉သိန်းခန့်မှာ ပုဂ္ဂလိကပိုင်ယာဉ်များဖြင့် သွားလာပို့ဆောင်လျက်ရှိကြောင်း သိရှိရသည်။

၂၀၀၄ ခုနှစ် ဩဂုတ်လကုန်စာရင်းများအရ စီးပွားရေး လုပ်ကိုင်သည့် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်၊ ရေယာဉ်စုစုပေါင်း ၁၅၈၄၅၅ စီးတို့သည် အထက်ပါခရီးသည်နှင့် ကုန်စည်များအား နေ့စဉ်ပို့ဆောင်နေကြခြင်း ဖြစ်သည်။ အဆိုပါ ယာဉ်စီးရေပမာဏသည် ၁၉၈၈ခုနှစ်ရှိ စီးပွားရေးလုပ်ကိုင်ခဲ့သည့် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်၊ ရေယာဉ် ၅၁၈၀၆စီးနှင့် နှိုင်းယှဉ်ပါလျှင် သုံးဆကျော် တိုးတက်များပြားလာကြောင်း တွေ့ရမည်ဖြစ်သည်။

တစ်နည်းအားဖြင့် ဈေးကွက်စီးပွားရေးစနစ်၏ အကျိုးကျေးဇူးများကြောင့် ခရီးသွားဦးရေနှင့် ကုန်စည်ပမာဏများပြားလာပြီး ပုဂ္ဂလိကပိုင် သယ်ပို့ယာဉ်များမှာလည်း တိုးတက်များပြားလာခြင်းပင်ဖြစ်ပေသည်။ ဆက်လက်၍လည်း နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ခရီးသည်၊ ကုန်စည်နှင့် သယ်ပို့ယာဉ်များ တိုးတက်များပြားလာဦးမည် ဖြစ်သည်။ ဤနေရာတွင် စက်တပ်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြသူများရော၊ အခြေအနေပေး၍ နောင်တစ်ချိန်ချိန်တွင် လုပ်ကိုင်ရန် ရည်မှန်းထားသူများပါ **'သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်'** အကြောင်းကို သိရှိထားရန် လိုအပ်သည်။

နိုင်ငံတော်၏ ထုတ်ပြန်ပြီးဖြစ်သည့် တည်ဆဲဥပဒေများအနက် ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ ပုဒ်မ ၃တွင် **"မည်သူမျှလုပ်ငန်းလိုင်စင်မရှိဘဲ ခရီးသည်များကိုသော်လည်းကောင်း၊ ကုန်စည်များကိုသော်လည်းကောင်း ငှားရမ်းခ၊ သို့မဟုတ် အကျိုးကျေးဇူး တစ်ခုခုအတွက် စက်တပ်ယာဉ်ဖြင့် သယ်ယူလုပ်ကိုင်ဆောင်ရွက်ရသော လုပ်ငန်းကို မလုပ်ကိုင်ရ၊ သို့မဟုတ် မလုပ်ကိုင်စေရ"** ဟူ၍ ပြဋ္ဌာန်းထားကြောင်း တွေ့ရမည် ဖြစ်ပေသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ **ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည် စက်တပ်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိကြသော ပုဂ္ဂလိက လုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင် စနစ်တကျ ထုတ်ပေးလျက်ရှိသော ဌာနကြီးတစ်ခု ဖြစ်သည်။ နိုင်ငံတော်တစ်ဝန်းရှိ အဓိကမြို့ကြီး ၄၅ မြို့တွင် ရုံးစိုက်၍ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်များအား ဆောင်ရွက်ပေးလျက်ရှိသည်။**

သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်များအား အောက်ပါအတိုင်း အမျိုးအစားငါးမျိုး ခွဲခြားထားကာ ကဏ္ဍအသီးသီးတွင် ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

| စဉ် | လုပ်ငန်းလိုင်စင်အမျိုးအစား | အကျုံးဝင်သည့်ကဏ္ဍ |
|---|---|---|
| ၁။ | 'က'လုပ်ငန်းလိုင်စင် | ကုန်စည်ပို့ဆောင်မှုကဏ္ဍ |
| ၂။ | 'ခ' လုပ်ငန်းလိုင်စင် | (ပုံမှန်ခရီးစဉ်ဖြင့်) ခရီးသည်ပို့ဆောင်မှုကဏ္ဍ |
| ၃။ | 'ဂ' လုပ်ငန်းလိုင်စင် | (စင်းလုံးငှားခရီးစဉ်ဖြင့်) ခရီးသည် ပို့ဆောင်မှုကဏ္ဍ |
| ၄။ | 'ဃ'လုပ်ငန်းလိုင်စင် | (ပဋိညာဉ်စာချုပ်ချုပ်ဆိုထားသည့် သီးသန့်ကြိုပို့ခရီးစဉ်ဖြင့်)ခရီးသည်ပို့ဆောင်မှုကဏ္ဍ |
| ၅။ | 'င' လုပ်ငန်းလိုင်စင် | (မိမိ၏စီးပွားရေးလုပ်ငန်းမှထွက်ရှိသော ကုန်များကိုသာသယ်ပို့ခွင့်ပြုထားသည့်) ကုန်စည်ပို့ဆောင်မှုကဏ္ဍ |

လုပ်ငန်းရှင်များအနေဖြင့် အထက်ဖော်ပြပါ လုပ်ငန်းလိုင်စင်များအား ဆောင်ရွက်မည်ဆိုပါက အောက်ပါစာရွက်စာတမ်းများ လိုအပ်မည်ဖြစ်ပါသည်–

(၁) မော်တော်ယာဉ်အတွက် ကညနယာဉ်မှတ်ပုံတင်မှုရင်း၊ ရေယာဉ်အတွက် ရညန စစ်ဆေးပြီးကြောင်း လက်မှတ်မှုရင်း၊ စက်မြင်းကောင်ရေ ၂၀ထက် မပိုသော စက်တပ်ရေယာဉ်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ မှတ်ပုံတင်ပြီးကြောင်း သက်သေခံလက်မှတ်မှုရင်း။

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း။

(၃) 'ခ'လုပ်ငန်းလိုင်စင်အမျိုးအစား လျှောက်ထားမှုအတွက် ပြေးဆွဲလိုသည့် ယာဉ်အသင်း၏ ထောက်ခံချက်မှုရင်း။

(၄) 'ဃ'လုပ်ငန်းလိုင်စင်အမျိုးအစား လျှောက်ထားမှုအတွက် ချုပ်ဆိုပြီးဖြစ်သည့် ပဋိညာဉ်စာချုပ်မှုရင်း။

(၅) 'င' လုပ်ငန်းလိုင်စင် အမျိုးအစားလျှောက်ထားမှုအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ စီးပွားရေးလုပ်ကိုင်ခွင့်လိုင်စင်။

(၆) ယာဉ်၏ ရှေ့၊ နောက်၊ ဘေး(ယာဘက်)ဓာတ်ပုံတစ်ပုံစီ။

လုပ်ငန်းလိုင်စင် ပြုလုပ်ရန် အခွန်အခသတ်မှတ်ထားရှိမှုနှင့် ပတ်သက်၍ တင်ပြရပါလျှင် မော်တော်ယာဉ်ဖြစ်က အနိမ့်ဆုံး ကျပ်၈၀၀မှ အမြင့်ဆုံး

**သင့်မြတ်သူ (ပစန)**

ကျပ် ၂၁၀၀အထိအားလည်းကောင်း၊ ရေယာဉ်ဖြစ်က အနိမ့်ဆုံးကျပ် ၆၀၀မှ အမြင့်ဆုံးကျပ် ၉၀၀၀အထိအားလည်းကောင်း ခရီးသည်နှင့် ကုန်တန်ချိန်ခွင့်ပြုမှု အနည်းအများအပေါ် မူတည်၍ သတ်မှတ်ထားရှိသည်။ ဤနေရာတွင် မိမိအခြေစိုက်သည့် ပြည်နယ်/တိုင်းမှ အခြားပြည်နယ်/တိုင်းများအထိ တိုင်းကျော်ခရီးစဉ်ဖြင့် ပြေးဆွဲလိုပါက အခြေခံနှုန်းထားအပေါ် ၅၀ ရာခိုင်နှုန်း ထပ်ဆောင်း၍ အခွန်ထပ်မံပေးဆောင်ရမည်ဖြစ်သည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည် စက်တပ်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင် ပြုလုပ်ပေးရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းနှင့် အထောက်အထားများပြည့်စုံမှု ရှိပါက နေ့ချင်းပြီး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

(၅) လုပ်ငန်းလိုင်စင် ခွင့်ပြုအမျိုးအစားပြလက်မှတ်(တြိဂံ)နှင့်အပိုင်း(၂) တို့ကို ယာဉ်နှင့်တစ်ပါတည်းထားရှိရန်။

(၆) လမ်းခရီးတွင် တာဝန်ရှိသူများက လိုအပ်၍ စစ်ဆေးပါက အထက်ပါတြိဂံနှင့်အပိုင်း(၂)တို့အား ပြသ၍ အစစ်ဆေးခံရန်။

တည်ဆဲဥပဒေအရ လုပ်ငန်းလိုင်စင်ရယူ၍ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စနစ်တကျ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ကြရန် ညွှန်ကြားထားသော်လည်း အကြောင်းအမျိုးမျိုးဖြင့် လုပ်ငန်းလိုင်စင်လုံးဝမပြုလုပ်ဘဲ ခရီးသည်၊ကုန်စည်များ ပို့ဆောင်နေခြင်း၊ ပုံမှန်သက်တမ်းတိုးရန် ပျက်ကွက်ခြင်း၊ ခွင့်ပြုထားသည့် လုပ်ငန်းလိုင်စင်ပါအချက်အလက်များထက် ပိုမိုအခွင့်အရေးယူ၍ ချိုးဖောက်ပြေးဆွဲခြင်းများအား အခါအားလျော်စွာ တွေ့ရှိနေရသည်။ ထိုသို့ကျူးလွန်ချိုးဖောက်မှုများအတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည် သက်ဆိုင်ရာယာဉ်များအား စစ်ဆေးဖော်ထုတ်ကာ ချိုးဖောက်သည့် ပြစ်ဒဏ်အလိုက် ဒဏ်ငွေ ကျပ် ၁၀၀၀မှ ကျပ်၄၀၀၀အထိ ပေးဆောင်စေကာ အရေးယူခဲ့ပါသည်။

ထိုကဲ့သို့ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ကြီးကြပ်ခြင်း၊ ဖောက်ဖျက်မှုများအတွက် အရေးယူခြင်းများအား ဆောင်ရွက်လျက်ရှိရာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများအား တစ်ဖက်တစ်လမ်းမှ ရှာဖွေနိုင်ခဲ့ပြီး ၁၉၈၈–၈၉ခုနှစ်တွင် အခွန်ငွေကျပ် သန်း ၄ ဒသမ ၇၅ ရရှိခဲ့ရာမှ ၂၀၀၃–၂၀၀၄ခုနှစ်တွင် အခွန်ငွေ ကျပ်သန်း ၄၈၃ ဒသမ ၃၆ အထိ တိုးတက်ရရှိခဲ့သည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရပါလျှင် စက်တပ်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြသူများအားလုံးသည် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်အား ရယူကြရမည်ဖြစ်သည်။ ထိုသို့လုပ်ငန်းလိုင်စင်အား စနစ်တကျရယူခြင်းကြောင့် မိမိအတွက်ရော၊ နိုင်ငံတော်အတွက်ပါ အောက်ပါ အကျိုးကျေးဇူးများ ရရှိခံစားရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်–

(၁) မိမိလုပ်ကိုင်သည့် ခရီးသည်/ကုန်စည်ပို့ဆောင်မှု လုပ်ငန်းအား စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း။

(၂) မိမိခရီးစဉ်တွင် ခွင့်ပြုချက်မရှိသည့် အခြားယာဉ်များ ကျူးကျော်ချိုးဖောက်ပြီး လာရောက်ပြေးဆွဲပါက တာဝန်ရှိသူများက တားဆီးအရေးယူပေးမည့် အခွင့်အရေးရရှိမည်ဖြစ်ခြင်း။

**ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည် စက်တပ်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင်စနစ်တကျ ထုတ်ပေးလျက်ရှိသော ဌာနကြီးတစ်ခု ဖြစ်သည်။ နိုင်ငံတော်တစ်ဝန်းရှိ အဓိကမြို့ကြီး ၄၅မြို့တွင် ရုံးစိုက်၍ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်များအား ဆောင်ရွက်ပေးလျက် ရှိသည်။**

တစ်ဆက်တည်းမှာပင် လုပ်ငန်းလိုင်စင်ရယူပြီးဖြစ်သည့် လုပ်ငန်းရှင်များအနေဖြင့် အောက်ပါလုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းကမ်းချက်များအား သိရှိ၍ အလေးထား လိုက်နာရမည်ဖြစ်သည်–

(၁) လုပ်ငန်းလိုင်စင်အား နှစ်စဉ်သက်တမ်းတိုးရန်။

(၂) 'ခ' လုပ်ငန်းလိုင်စင် အမျိုးအစားဖြင့် ခရီးသည်ပို့ဆောင်ရန် ခွင့်ပြုချက်ရပြီးဖြစ်သော မော်တော်ယာဉ်၊ ရေယာဉ်များအနေဖြင့် လုပ်ငန်းလိုင်စင်တွင် သတ်မှတ်ခွင့်ပြုထားသည့် ခရီးစဉ်အတိုင်းသာ ပြေးဆွဲရန်။

(၃) မည်သည့်ယာဉ်မျှ လုပ်ငန်းလိုင်စင်ပါ ကုန်တန်ချိန်၊ သို့မဟုတ် ခရီးသည်ဦးရေထက် ပိုမိုတင်ဆောင်ခြင်းမပြုရန်။

(၄) ရေယာဉ်များအတွက် သတ်မှတ်ဝန်တင်မျဉ်း (Load Line) ထက် ကျော်လွန်၍ တင်ဆောင်ခြင်းမပြုရန်။

(၃) နိုင်ငံတော်က ခရီးစဉ်အလိုက် ခွင့်ပြုထားသည့် စက်သုံးဆီအား ထုတ်ယူခံစားနိုင်မည်ဖြစ်ခြင်း။

(၄) မကြာမီအကောင်အထည် ပေါ်လာတော့မည်ဖြစ်သည့် အာဆီယံနိုင်ငံများ၊ ပတ်ဝန်းကျင်နိုင်ငံများနှင့် သယ်ယူပို့ဆောင်ရေးများအတွက် လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စအား ကြိုတင် ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်မည်ဖြစ်ခြင်း။

(၅) နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွန်အခများ ရရှိမည်ဖြစ်ခြင်း။

(၆) နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွက်ချက်ရာတွင် အထောက်အကူ ရရှိမည်ဖြစ်ခြင်း။ ။

## ပညာရေးအထောက်အကူပြုပရိုဂရမ်ပြိုင်ပွဲ
## ၂၂၆ ဦးပါဝင်ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၁၄**

ပညာရေးကဏ္ဍတွင် အိုင်စီတီနည်းပညာကို အပြည့်အဝ အသုံးချနိုင်ရေး အခွင့်အလမ်းများ ပေါ်ထွက်လာစေရန်နှင့် သင်ကြားရေးအထောက်အကူပြု ပရိုဂရမ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် Educational Project Competition for National Levelပြိုင်ပွဲကို မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းမှ ခေါ်ယူခဲ့ရာ ပြိုင်ပွဲစာရင်းပိတ်သည့် စက်တင်ဘာ ၁၁ ရက်အထိ ပြိုင်ပွဲဝင် စုစုပေါင်း ၂၂၆ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို အခြေခံပညာကျောင်းသားအဆင့်၊ အလယ်တန်းအဆင့် ၁၀၇ဦး၊ အထက်တန်းအဆင့် ၅၆ ဦးနှင့် ဆရာ ဆရာမများအဆင့် ၆၃ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရှိရသည်။ ပြိုင်ပွဲဝင် သင်ကြားရေးအထောက်အကူပြု ပရိုဂရမ်များကို ဆုရွေးချယ်ရေး အကဲဖြတ်အဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက်မှ စတင်၍ အသေးစိတ် စိစစ်ရွေးချယ်လျက်ရှိပြီး ပဏာမ ရွေးချယ်ခံရသူများ စာရင်းကို မကြာမီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ပညာရေး အထောက်အကူပြု ပရိုဂရမ်ပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနများနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့မှ ကူညီပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်သည်။

**ဆက်လက်ကျင်းပမည်**

အဆိုပါ ပညာရေး အထောက်အကူပြု ပရိုဂရမ်ပြိုင်ပွဲကို လာမည့် စက်တင်ဘာလ ၂၄၊ ၂၅၊ ၂၆ ရက်များတွင် ရန်ကုန်မြို့ MICT Parkကွန်ဖရင့်ဟောတွင် ရွေးချယ်ပွဲနှင့် ပြိုင်ပွဲများကို ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

**အထူးနှုန်း**

အဆိုပါ ပြပွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်းအသင်းဝင် ကုမ္ပဏီများမှလည်း ကွန်ပျူတာနည်းပညာဆိုင်ရာ ဆော့ဖ်ဝဲများ၊ ဟာ့ဒ်ဝဲများ၊ ကွန်ပျူတာဆက်စပ်သုံးပစ္စည်းများကို ပြသခြင်း၊ နည်းပညာဖလှယ်ခြင်းနှင့် အထူးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တပ်မဌာနချုပ်လယ်မြေ အထွက်တိုးစပါးအောင်မြင်ဖြစ်ထွန်းမှု
## တပ်မမှူးဗိုလ်မှူးကြီးလှဋ္ဌေးဝင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၄

**အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဗိုလ်မှူးကြီးလှဋ္ဌေးဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၁ရက် မွန်းလွဲပိုင်းက လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်း၏ လယ်မြေများတွင် မိုးစပါးများ ရေကျနောက်စိုက်အဖြစ် ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် စက်စွမ်းအားဖြင့် စုပေါင်းထွန်ယက်နေမှု၊ စစ်သည်များနှင့် မိသားစုဝင်များက စပါးပျိုးပင်များ စုပေါင်းသယ်ယူစိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။**

ထို့နောက် ဗိုလ်မှူးကြီးလှဋ္ဌေးဝင်းသည် တပ်မဌာနချုပ်၏ လယ်မြေများတွင် စမ်းသပ်စိုက်ပျိုးထားရှိသည့် အထွက်တိုးဆင်းရွှေလီစပါး၊ ရွှေရင်အေး စပါးနှင့် မြစိမ်းရောင်စပါးများ ရှင်သန်ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အထွက်ကောင်းမျိုးစပါးများဖြစ်သည်နှင့်အညီ အထွက်နှုန်းကောင်းမွန်ရေးအတွက် စိုက်ပျိုးနည်းစနစ်များ မှန် ကန်ရေး၊ မြေဩဇာများ စနစ်တကျ ထည့်သွင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းများတွင် ၂၀၀၄ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီ၌ ရေတော် မိုးတော် စပါး ၄၃၉ ဒသမ ၉၇ ဧကကို ဇူလိုင်လကုန်တွင် အပြီးစိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးရန်ကျန်ရှိသည့် ရေကျနောက်စိုက် ၁၆၂ဒသမ၇၃ ဧက ကို ရေကျပြီးချိန်မှစ၍ 'တစ်ကွက် ပေါ် တစ်ကွက်စိုက်' စနစ်ဖြင့် စိုက်ပျိုး လျက်ရှိရာ စက်တင်ဘာ ၁၁ ရက်တွင် မိုးစပါး စုစုပေါင်း ၆၀၂ ဒသမ ၇၀ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ကြည့်ရှု

ဖော်လူဂျာမြို့တွင် သိမ်းဆည်းရရှိခဲ့သော အမေရိကန်တပ်ဖွဲ့၏ လက်နက် အစိတ်အပိုင်းအား ကိုင်တွယ်ကြည့်ရှုနေသော အီရတ်ပြောက်ကျားတို့ကို စက်တင်ဘာ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

## စက်တင်ဘာ ၁၃ ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် ၁၀၁၂ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

စက်တင်ဘာ ၁၃ ရက် တနင်္လာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၁၂ ဦးရှိသွားပြီဖြစ်ကြောင်းဖော်ပြသည်။ ယင်းအနက် ၇၆၄ ဦးမှာ တိုက်ပွဲ ၌ သေဆုံးပြီး ၂၄၈ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၅ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟုဆိုသည်။ သမ္မတ ဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၇၁ ဦးဖြစ်ပြီး ယင်းအနက် ၆၅၂ မှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၉ ဦးမှာ အခြားအကြောင်းများကြောင့်သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**

## ဟိုင်ဖာလမ်းပေါ် လူအုပ်အတွင်း ကန်ရဟတ်ယာဉ်ပစ်ခတ်

## အီရတ် ၁၃ ဦးသေဆုံး၊ ၆၁ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

**ဘဂ္ဂဒက်ရှိ ဟိုင်ဖာလမ်းမကြီးတွင် မီးလောင်ကျွမ်းပြီး ပျက်စီးနေသော အမေရိကန် သံချပ်ကာကားအား ဝိုင်းပြီးကြည့်နေကြသည့် အီရတ်လူငယ်များကို အမေရိကန် ရဟတ်ယာဉ်တစ်စင်းက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းထောက် ဆေအစ်ဖ်ဖူအက်ဒ်က ပြောကြားသည်။**

ယင်းသို့ ပစ်ခတ်မှုကြောင့် ၁၃ ဦးသေဆုံးပြီး ၆၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ ရိုက်တာသတင်းထောက် ဖူအက်ဒ်သည် ရရှိထားသော ကျည်ဆံမှန်သည့် ဒဏ်ရာများကို ဆေးရုံ၌ တက်ရောက်ကုသနေရာ ဒဏ်ရာအခြေအနေ သက်သာလာပြီဖြစ်သည်။ လူအုပ်ကြီးကို ရဟတ်ယာဉ်က ပစ်ခတ်မည်ဟု မထင်မိကြောင်း ၎င်းက ပြောကြားသည်။

**သေဆုံး**

တနင်္ဂနွေနေ့၌ ပစ်ခတ်မှု ဖြစ်ပွားချိန်တွင် ဖူအက်ဒ်သည် နေရာ၌ရှိနေခဲ့ရာ သတင်းဓာတ်ပုံ ရိုက်ယူထားနိုင်ခဲ့သည်။ သူ၏နံဘေး၌ ရပ်နေခဲ့သော သူငယ်ချင်းဖြစ်သူ မာဇင်တိုမီဒီမှာမူ သေဆုံးခဲ့ရသည်။

**ပေါက်ကွဲ**

မိမိကောင်းကင်သို့ မော့ကြည့်လိုက်ချိန်၌ ရဟတ်ယာဉ်သည် အလွန်နိမ့်ပြီးပျံလာသည်ကို တွေ့ရကြောင်း၊ ခဏချင်း၌ အပါချီရဟတ်ယာဉ်မှ အလင်းတန်းတစ်ခု ထွက်လာသည်ကိုတွေ့လိုက်ရပြီး ပြင်းထန်စွာပေါက်ကွဲခဲ့ကြောင်း ဖူအက်ဒ်က ပြောကြားသည်။

ဖူအက်ဒ်သည် ပထမပေါက်ကွဲမှုဖြစ်ပြီးနောက် ၁၅ မိနစ်အကြာ၌ ဒုတိယ ပေါက်ကွဲမှုဖြစ်ခဲ့ရာ သူ၏ခြေထောက်နှင့် ခါး၌ဒဏ်ရာရခဲ့သည်။ ဒဏ်ရာရခဲ့သည့် သူငယ်ချင်းဖြစ်သူ တိုမီဒီအား ဘေးကင်းရာသို့ဆွဲသွားစဉ် ၎င်းကိုယ်တိုင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း



နိုင်ငံတကာ သတင်းများ

## အကျဉ်းသားများအား နှိပ်စက်သည့်ကန်တပ်ဖွဲ့ဝင်များ အပြစ်ပေးအရေးယူခြင်းခံရ၍ အီရတ်တို့ ကျေနပ်အားရ

**ဘဂ္ဂဒက် စက်တင်ဘာ ၁၂**

အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းစခန်းမှ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုနှင့်ပတ်သက်ပြီး အမေရိကန် တပ်ဖွဲ့ဝင်များကို ရုံးတင်စစ်ဆေးလျက်ရှိရာ အီရတ်ပြည်သူများက ကျေနပ်အားရလျက်ရှိသည်။

အမှု၌ပါဝင်သူ တပ်ဖွဲ့ဝင်တစ်ဦးကို ပြစ်ဒဏ်ချမှတ်ပြီးဖြစ်ကာ ယမန်နေ့က နောက်ထပ်တစ်ဦးကိုပြစ်ဒဏ်ချမှတ်ခဲ့သည်။ အီရတ်ပြည်သူများသည် ယခင်ကတည်းက ကျူးကျော်သူ အမေရိကန်တပ်ဖွဲ့များကို အရိုင်းအစိုင်းများဟု ယူဆထားခဲ့ကြသည်။ ထို့ကြောင့် အဘူဂါရိပ်ကိစ္စ ပေါ်ထွက်လာရာမှ ၎င်းတို့၏ ယခင်မှန်းဆချက်များ မှန်ကန်ကြောင်း သက်သေပြ ထူသလိုဖြစ်ခဲ့သည်။ **(စီအင်န်အင်န်)**

## အီရတ်နိုင်ငံ၏ လုံခြုံရေးပြဿနာ

## အီရတ်တို့ကသာ ဖြေရှင်းနိုင်မည်ဟု ကောလင်းပါဝဲလ် ဝန်ခံပြောကြား

ဝါရှင်တန် စက်တင်ဘာ ၁၃

**စစ်ပြီးကာလ အီရတ်နိုင်ငံ၌ ဖြစ်ပေါ်လာသော အကျပ်အတည်း အခက်အခဲကို မိမိတို့ တွက်ကိန်းလွဲမှားခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က တနင်္ဂနွေနေ့၌ ဝန်ခံလိုက်သည်။**

ထို့ပြင် အီရတ်နိုင်ငံ၌ ဖြစ်ပေါ်နေသော ဆူပူမှုသည် တစ်ချိန်ချိန်၌ ပေါ်ပေါက်လာမည်ကိုသိခဲ့ကြောင်း လည်းကောလင်းပါဝဲလ်က ပြောကြားသည်။

**တွက်ကိန်းလွဲ**

မိမိတို့သည် စစ်ပြီးကာလ အီရတ်နိုင်ငံ၏ အခက်အခဲ အကျပ်အတည်းကို တွက်ကိန်းလွဲခဲ့သော်လည်း မိမိတို့ ယခုရင်ဆိုင်နေရသည့် စိန်ခေါ်မှုကို တွက်ကိန်းမလွဲခဲ့ကြောင်း ဖောက်စ်သတင်းဌာန၏ တနင်္ဂနွေအစီအစဉ်တွေ့ဆုံခန်း၌ ပါဝဲလ်က ပြောကြားသည်။

**ပြောကြား**

အီရတ်ကြားဖြတ်အစိုးရကို အချုပ်အခြာအာဏာလွှဲပေးပြီးနောက် အီရတ်၌ တပ်ဖွဲ့ဝင် ၁၄၀၀၀၀ နီးပါးကို အမေရိကန် ပြည်ထောင်စုက ထားရသည်မှာ ထိုစိန်ခေါ်မှုပြဿနာကြောင့်ဖြစ်ကြောင်း ဆူပူမှုသည် တစ်ချိန်ချိန်၌ ဖြစ်လာမည်ဖြစ်ကြောင်း ပါဝဲလ်က ပြောကြားသည်။

ထို့ပြင် ပါဝဲလ်က ဆူပူမှုသည် လွင့်စဉ်ပယ်ပျောက်သွားမည် မဟုတ်ကြောင်း၊ အီရတ်လုံခြုံရေးတပ်ဖွဲ့ တည်ဆောက်မှုနှင့်အတူ တိုးလာမည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံ၏ ကိုယ်ပိုင်လုံခြုံရေးပြဿနာကို အီရတ်နိုင်ငံကသာ ဖြေရှင်းနိုင်စွမ်းရှိမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

## ရာမာဒီမြို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွား

## ကန်တပ်ဖွဲ့အား ပြောက်ကျားတို့ခိုန်ပြောင်းဖြင့်တိုက်ခိုက်

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

**ဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ ရာမာဒီမြို့တွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များတနင်္ဂနွေနေ့၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ ၁၀ ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရခဲ့ကြောင်းဆေးရုံနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

**ပစ်ခတ်**

တိုက်ပွဲသည် အမေရိကန် စစ်အခြေစိုက်စခန်းကို ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့က အရဏ်မတက်မီ၌ စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာမှ ဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

**တားမြစ်**

အမေရိကန်နှင့် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များက ရာမာဒီမြို့ကိုဝိုင်းထားပြီး လူများအား မြို့အဝင်အထွက်မလုပ်ရန် တားမြစ်ထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ဘာလက်မြို့တွင် အိမ်တစ်အိမ်အတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးရန် ပြင်ဆင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



# လာမည့်သီတင်းနှစ်ပတ်အတွင်း စိန်ခေါ်မှုအသစ်နှင့် တိုနီဘလဲကြုံရဖွယ်ရှိ

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

လန်ဒန် စက်တင်ဘာ ၁၂

**အမေရိကန်နှင့် ဗြိတိသျှတို့ အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ချိန်၌ အီရတ်တွင် ပိတ်ပင်တားမြစ်ထားသော လက်နက်များမရှိကြောင်း အီရတ်စူးစမ်းလေ့လာရေးအုပ်စု အိုင်အက်စ်ဂျီက အပြီးသတ် ကောက်ချက်ချသည့်အခါ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် လာမည့်သီတင်းနှစ်ပတ်အတွင်း စိန်ခေါ်မှုအသစ်နှင့် ကြုံရဖွယ်ရှိသည်ဟု ဂါဒီယန်သတင်းစာက သောကြာနေ့၌ ရေးသားလိုက်သည်။**

စစ်ပွဲပြီးဆုံးချိန်၌ အီရတ်နိုင်ငံတွင် ပိုက်စိပ်တိုက်ရှာရန် အမေရိကန်နှင့် ဗြိတိသျှတို့က စေလွှတ်ခဲ့သော လက်နက်စစ်ဆေးရေးအဖွဲ့ဖြစ်သည့် အိုင်အက်စ်ဂျီသည် ယခင် အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ခြိမ်းခြောက်မှုမှာ အမှန်အကန်ဖြစ်ကြောင်း ယုံကြည်ထားခဲ့သော်လည်း ထိုပိတ်ပင်တားမြစ်ထားသော လက်နက်များ သိုလှောင်သိမ်းဆည်းမထားသည်ကို တွေ့ခဲ့ရလိမ့်မည်ဖြစ်ကြောင်း သတင်းစာက ရေးသားသည်။

ပိတ်ပင်တားမြစ်ထားသော လက်နက်များမရှိခြင်းကို သံသယရှိခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း လေဘာပါတီ ညီလာခံအကြိုနှင့် ချိန်ကိုက်လျက် ပေါ်ထွက်လာမည့် အစီရင်ခံစာ၏ အပြီးသတ်ကောက်ချက်သည် အငြင်းပွားစရာဖြစ်လာမည်ဟု သတင်းစာက ရေးသားသည်။

### အလားအလာမရှိ

လွန်ခဲ့သည့်နှစ်ကစပြီး ပိတ်ပင်လက်နက်များ အီရတ်၌ မရှိသည်မှာ အထင်အရှားဖြစ်ခဲ့ပြီး အိုင်အက်စ်ဂျီသည် တစ်စုံတစ်ရာကိုမျှဖော်ထုတ်တွေ့ရှိရန် အလားအလာမရှိဘဲ ဖြစ်ခဲ့သည်။

### လျှို့ဝှက်အစီအစဉ်

စစ်ပွဲမဖြစ်မီက ဘုရှ်နှင့်ဘလဲတို့ နှစ်ဦးစလုံးက ဆက်ဒမ်၌ဓာတုနှင့် ဇီဝလက်နက်များထုတ်လုပ်ရန် လျှို့ဝှက်အစီအစဉ်တစ်ရပ်ရှိကြောင်း အခိုင်အမာ ပြောဆိုခဲ့ကြပြီး ဆက်ဒမ်၏ ပိတ်ပင်တားမြစ်လက်နက်များက နိုင်ငံတကာ အသိုက်အဝန်းကို ခြိမ်းခြောက်သည့် အနေအထားရှိသည်ဆိုကာ လွန်ခဲ့သည့်နှစ်မတ်လ ၂၀ရက်မှစ၍ အီရတ်ကို စစ်ပွဲ ဆင်နွှဲခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဘဂ္ဂဒက်မြို့တွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အမေရိကန် စစ်ယာဉ်အား ပျံသန်းစောင့်ကြပ်နေသော အမေရိကန် စစ်ရဟတ်ယာဉ်တစ်စီးကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## ဟီလာမြို့၌ ဗုံးခွဲတိုက်ခိုက် အီရတ်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၁၃**

ဘဂ္ဂဒက်တောင်ဘက်၌ တနင်္လာနေ့က ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် သုံးဦးထက်မနည်း သေဆုံးပြီး သုံးဦးမှာဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်ဟု ပိုလန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

တိုက်ပွဲမှာ ဘဂ္ဂဒက်တောင်ဘက် ဟီလာမြို့၏ မြို့လယ်ကောင်အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

### တိုက်ခိုက်ခဲ့

အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံစုံတပ်ဖွဲ့ဝင်များ ပူးတွဲကင်းလှည့်စဉ် ပြောက်ကျားတို့က ဗုံးနှစ်လုံးဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဘဂ္ဂဒက်မြို့လယ်၌ ပေါက်ကွဲမှုကြီးများနှင့် ပြင်းထန်သောတိုက်ပွဲဖြစ်ပွား အစိမ်းရောင်ဒေသကို ခုခံရေးသမားတို့ စိန်ပြောင်းများဖြင့်ပစ်ခတ်

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

**တနင်္ဂနွေနေ့ အရုဏ်တက်ချိန်၌ ဘဂ္ဂဒက်မြို့လယ်ကောင်တွင် အင်အား ပြင်းထန်သော ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ပြီး လမ်းမကြီးတစ်ခုအတွင်း၌ တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားခဲ့သဖြင့် အီရတ် ၂၂ဦးထက်မနည်းသေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

တိုက်ပွဲများသည် ခုခံတိုက်ခိုက်ရေးသမားတို့ သိမ်းထားသော ဒေသများကို အမေရိကန်တပ်များက ပြန်သိမ်းရန် ထိုးစစ်သစ်များဆင်နွှဲရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

### ပြောကြား

ဘဂ္ဂဒက်မြို့၌ တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သောပြင်းထန်သည့် တိုက်ပွဲတစ်ခုတွင် ခုခံတိုက်ခိုက်ရေးသမားများသည် အစိမ်းရောင်ဒေသကို စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ကျည်အချို့အစိမ်းရောင်ဒေသထဲသို့ ကျရောက်ခဲ့သော်လည်း ထိခိုက်သေဆုံးမှု မရှိကြောင်းစစ်ဘက်က ပြောကြားသည်။

အခြား တိုက်ခိုက်မှုများတွင် ဘဂ္ဂဒက် အနောက်ပိုင်း အဝေးပြေးလမ်းမကြီးပေါ်၌ ကားဗုံးပေါက်ကွဲခဲ့သဖြင့် အဆင့်မြင့်ရဲအရာရှိတစ်ဦး၊ အခြား ရဲနှစ်ဦးနှင့် ကလေးတစ်ဦး သေဆုံးခဲ့သည်။

### ဖောက်ခွဲရေးပစ္စည်းများတွေ့

တစ်ဖန်အဘူဂါရိပ်အကျဉ်းစခန်း၏ ဂိတ်ပေါက်ကို ကားဖြင့် ဖြတ်ဝင်ရန် အတင်းကြိုးစားသောအသေခံ ကားဗုံးခွဲသူသည် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။ ကားအတွင်းဒဏ်ရာရသူသုံးဦးနှင့် ဖောက်ခွဲရေးပစ္စည်းများကိုတွေ့ရသည်ဟုဆိုသည်။

တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုအများစုမှာ အီရတ် ခုခံတိုက်ခိုက်ရေးသမား ၂၁ ဦးကို အီရတ်လုံခြုံရေးတပ်များက ဖမ်းဆီးရန်အတွက် ဝင်ရောက်စီးနင်းရာမှ တိုက်ပွဲများဖြစ်ပွားခဲ့ရသည်ဟု ပြည်ထဲရေးဝန်ကြီး ဖလာအယ်လ်နာကစ်က သတင်းထောက်များကိုပြောကြားသည်။

### သေဆုံး

ဘဂ္ဂဒက်မြို့လယ်ရှိ ဟိုင်ဖာလမ်းမကြီး၌ ဖြစ်ပွားသောတိုက်ပွဲတွင် အီရတ် ၁၃ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၅၅ဦးဒဏ်ရာရခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## အီရတ်သတင်းအကျဉ်း

- ★ စက်တင်ဘာ ၁၃ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၁၂ဦး ရှိပြီ။
- ★ အီရတ်တောင်ပိုင်း ဘာဆာရာ၌ လမ်းဘေးဗုံးပေါက်ကွဲ။
- ★ လာမည့်သီတင်းနှစ်ပတ်အတွင်း စိန်ခေါ်မှုအသစ်နှင့် တိုနီဘလဲ ကြုံရဖွယ်ရှိ။
- ★ ဘဂ္ဂဒက်မြို့တွင် အသေခံကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် အမေရိကန် စစ်ယာဉ်တစ်စီး ပျက်စီး။
- ★ ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲပြင်းထန်စွာဖြစ်ပွား။
- ★ ဆာဒါစီးတီးအရပ်ကို အမေရိကန် တပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက်ခိုက်။

## မီးလောင်ပျက်စီး

**ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးနေသော အမေရိကန် စစ်ယာဉ်တစ်စီးကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## အီရတ်တောင်ပိုင်း ဘာဆာရာတွင် လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် စက်တင်ဘာ ၁၂

**အီရတ်နိုင်ငံတောင်ပိုင်း၌ ယမန်နေ့က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်လူမျိုးနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် အမေရိကန်လုံခြုံရေးတပ်ဖွဲ့၌ ဝင်ရောက်လုပ်ကိုင်နေသူများဖြစ်ကြောင်း သိရသည်။**

ဗြိတိသျှစစ်ဘက် တာဝန်ရှိသူများပြောပြချက်အရ ဘာဆာရာမြို့ရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၏ စခန်းအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

လုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်ချုပ်တစ်ဦးနှင့် ၎င်း၏ယာဉ်မောင်းတို့ သေဆုံးခဲ့ခြင်းဖြစ်ပြီး ကျန်အရာရှိနှစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့ထဲမှ တစ်ဦးမှာသေဆုံးသူ အီရတ်ဗိုလ်ချုပ်၏သားဖြစ်ကြောင်း သိရှိရသည်။

### ဖမ်းဆီးခေါ်ဆောင်

ထို့အပြင် ဘာဆာရာမြို့အတွင်း၌ပင် အခြားအီရတ်အစိုးရတပ်ဖွဲ့ အရာရှိတစ်ဦး၏မိသားစုကို လက်နက်ကိုင်များက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်မြို့နယ် အထက(၂)အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်






**မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၄

**ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် အားပေးချီးမြှင့်သည်။**

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာအဖွဲ့နှင့်တွဲဖက်၍ **"မြန်မာ့ကျောင်း"** သီချင်းကိုသီဆို၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကျောင်းသူလေးများဖြစ်ကြသည့် မသူဇာနှင့် မယမင်းရွှေရည်အောင်တို့က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြကြပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များသည် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖြစ်သည့် Computer Aided Instruction, Computer Application Room၊ Electronic Media ( Audio System )၊ Printed Media (Reading Corner)၊ Electronic Media (Video System)၊ Language Lab တို့၌ ဆရာ ဆရာမများ၏ သင်ကြားပို့ချနေမှုနှင့် ကျောင်းသား ကျောင်းသူလေးများ၏ သင်ယူလေ့ကျင့်နေမှုတို့ကိုလည်းကောင်း၊ ဘုရားခန်းကိုလည်းကောင်း၊ ရသပန်းချီပြခန်းနှင့် အိမ်တွင်းမှုပြခန်းတို့ကို လည်းကောင်း ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ်များကို အဆိုပါကျောင်း သိင်္ဂါရွှေဝါခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသူလေးများဖြစ်ကြသည့် မစုမြတ်မွန်နှင့် မရူဘီကျော်ဇောတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ကျောင်းသားကျောင်းသူလေးများက **"မြမန်းဂီရိ"** တေးသီချင်းကို သီဆိုကပြ၍လည်းကောင်း၊ **"ရတနာပုံ"**သီချင်းကို သီဆိုကပြ၍လည်းကောင်း၊ **"ရေအိုးကိုယ်စီ"** ယိမ်းအကတို့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှလှဗိုလ်က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအဆင့်မြှင့်ဖွဲ့စည်းထားရှိမှုကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက မာလ်တီမီဒီယာအီလက်ထရွန်နစ် ပစ္စည်းများ တိုးချဲ့တပ်ဆင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ ကျောင်းအုပ်ဆရာမကြီးထံသို့ သီရိသုဓမ္မဇောတိကဓဇ ဦးနေဝင်းထွန်း(ကျောက်စိမ်းနဂါးကုမ္ပဏီ)က ငွေကျပ်သိန်း ၇၀ကို ပေးအပ်လှူဒါန်းသည်။

### လက်ခံရယူ

ယင်းနောက် ဦးကျော်သူ မိသားစုက ငွေကျပ်သုံးသိန်း၊ ဒေါ်တင်လှ မိသားစုက ငွေကျပ်နှစ်သိန်း၊ လှိုင်မြို့နယ် (၁၃)ရပ်ကွက်မှ စက္ကူစက်လုပ်ငန်းရှင်များနှင့်ပလတ်စတစ်လုပ်ငန်းရှင်များ၊ ဦးငြိမ်းအောင် F/B ဘက်ထရီရောင်းဝယ်ရေး၊ ဦးမြင့်စိုး(High Point Store)၊ ဒေါ်တင်တင်မြ(မြအထူးကုဆေးခန်း)၊ ဦးမျိုးငွေး(စိန်မေတ္တာအုန်းဆီစက်)တို့က စုပေါင်း၍ ငွေကျပ် ၁၇၅၀၀၀၊ ဦးသန်းဝင်း မိသားစု၊ ဦးအုန်းကြူ မိသားစု၊ ဦးအောင်ထွန်းလင်း မိသားစု၊ ဦးဆန်းမင်းသိန်း မိသားစု၊ ဦးတင်ထွန်း-ဒေါ်အနှင်း မိသားစု မုဒုံမောင်မောင် (မီးစက်ထုတ်လုပ်ရေးလုပ်ငန်း)၊ ကြက်လျှာစွန်းဒံပေါက်ဆိုင်၊ ရွှေသရဖူဆေးဆိုင်နှင့်ဦးခင်မောင်ထွန်း (ဗဟိုအထည်ချုပ်စက်ရုံ)တို့က ငွေကျပ်တစ်သိန်းစီနှင့် ဒေါက်တာချစ်တင်(သုခဆေးဆိုင်) လှိုင်မြို့နယ်တို့က ငွေကျပ်လေးသိန်း၊ ဦးအောင်ဝင်းနိုင်မိသားစုက ငွေကျပ်လေးသိန်း၊ ဦးအင်မင် မိသားစုက ငွေကျပ် လေးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။



**မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၅၂၀၀၀၀၊ လှိုင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (ယခင် ဒေါ်သာထက် အခြေခံပညာအထက်တန်းကျောင်း) ရွှေရတုမဂ္ဂဇင်းကော်မတီက ငွေကျပ်ငါးသောင်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ် (၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူတို့က လက်ခံယူကြသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

## နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေး ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်အားတွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (WFP)မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms.Sheila Sisulu နှင့်အဖွဲ့အား စက်တင်ဘာ ၁၃ ရက် မွန်းတည့် ၁၂နာရီတွင် ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံရာတွင် ကိုးကန့်ဒေသနှင့်'ဝ' ဒေသတို့တွင် ဘိန်းမစိုက်တော့သော တောင်သူများ ရိက္ခာဖူလုံရေးအတွက် ဆန်ထောက်ပံ့ဖြန့်ဝေမှု ကိစ္စရပ်များနှင့်နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**ဆွေးနွေး**

ဆက်လက်၍ ဝန်ကြီးသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ဂျပန်နိုင်ငံ Liberal Democratic Party မှ Former Senior Advisor Mr.Tomomitsu Iwakura အား ဝန်ကြီးများရုံးရှိဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံရာ ကိုးကန့်ဒေသ အတွင်းဆောင်ရွက်လျက်ရှိသော ဘိန်းအစားထိုးပန်းဂျုံစိုက်ပျိုးရေးစီမံကိန်းနှင့်ဈေးကွက်ရရှိရေးဆိုင်ရာ ကိစ္စရပ်များအားဆွေးနွေးသည်။

**(သတင်းစဉ်)**

## ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**ရန်ကုန် စက်တင်ဘာ ၁၅**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စစ်မာရီယာ လူဝစ္စာ ဖာနန်ဒေ့ဇ်အား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စစ် ဖာနန်ဒေ့ဇ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘား သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## ပြည်ထဲရေးဝန်ကြီးဌာန ပညာရည်ထူးချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ထူးချွန်ဆုပေးအပ်ပွဲ၊ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် အမှတ် ၄၅၅/၄၅၇ရှိ အစည်းအဝေးခန်းမကြီး၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။**

ရှေးဦးစွာပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်ခြောက်ဘာသာဂုဏ်ထူးရရှိသူ ငါးဦးတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၏ဇနီး ဒေါ်ခင်လှလှက ငါးဘာသာဂုဏ်ထူးရရှိသူခြောက်ဦးတို့အားလည်းကောင်း၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၏ ဇနီးဒေါ် စမ်းစမ်းဝေက ငါးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦးတို့အားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီက ငါးဘာသာဂုဏ်ထူး ရရှိသူ ငါးဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ လေးဦးနှင့် သုံးဘာသာဂုဏ်ထူးရရှိသူနှစ်ဦးတို့အားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က ပြည်ပနိုင်ငံများတွင် ကျင်းပသည့်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်နှင့် ကြေးတံဆိပ်ရရှိခဲ့ကြသော ထူးချွန်အမျိုးသား အားကစားသမားသုံးဦးတို့အားလည်းကောင်း၊ ဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှက ထူးချွန်အမျိုးသမီး အားကစားသမားလေးဦးတို့အားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် နယ်စွန်နယ်ဖျားနှင့် ဝေးလံခေါင်ပါးဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသောပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၏ လူမှုရေးရန်ပုံငွေအတွက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများကိုယ်စား ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၏ဇနီး ဒေါ်ခင်လှလှက ငွေကျပ်၂၅သိန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီထံ ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၆ မှ**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပညာရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုများ အပြန်အလှန်ဒွန်တွဲဖြစ်ထွန်းနေသည့် မျက်မှောက်ခေတ်အခြေအနေနှင့်ကျောင်းသားကျောင်းသူများကို အရည်အချင်း ပြည့်ဝသော နိုင်ငံ့သားကောင်း ရတနာများ ပေါ်ပေါက်လာစေရန် ခေတ်မီနည်းပညာပစ္စည်းများ အသုံးပြု၍သင်ကြားပို့ချရေး၊ ခေတ်မီနည်းပညာရပ်များကို ကျောင်းစာသင်ခန်းများ၌ ထိရောက်စွာ အကျိုးရှိရှိ အသုံးပြုကြရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့သည် လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာကျောင်းသားကျောင်းသူလေးများက **"ဓာတ်မာန်"**သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



**သီရိသုဓမ္မဇောတိကဓဇ ဦးနေဝင်းထွန်း(ကျောက်စိမ်းနဂါးကုမ္ပဏီ)က လှိုင်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှလှဗိုလ်ထံ အလှူငွေကျပ် သိန်း၇၀ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ဝန်ကြီးဦးသန်းအောင် ပညာရေးညီလာခံမှပြန်လည်ရောက်ရှိ ပညာရေးစီမံကိန်းနှင့်လုပ်ငန်းများ ရှင်းလင်းဆွေးနွေးခဲ့

ရန်ကုန် စက်တင်ဘာ ၁၄

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ စက်တင်ဘာ ၈ရက်မှ ၁၁ရက်အထိ ကျင်းပသည့် (၄၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပညာရေးညီလာခံသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။**

အဆိုပါ (၄၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပညာရေးညီလာခံသို့ ပညာရေးဝန်ကြီးဌာနဝန်ကြီးနှင့်အတူ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီးဦးမြသန်း၊ ပါရီမြို့ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်နှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အရာထမ်းများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေးခဲ့**

မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံ၏လက်ရှိဖြစ်ပေါ်တိုးတက်ပြောင်းလဲ ဆောင်ရွက်လျက်ရှိသည့် ပညာရေးစီမံကိန်းများ၊ ပညာရေးလုပ်ငန်းများကိုကဏ္ဍအလိုက်ရှင်းလင်း ပြောကြား ဆွေးနွေးခဲ့ကြသည်။

ထို့ပြင်မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးသည် စက်တင်ဘာ ၁၀ရက်တွင် ညီလာခံမျက်နှာစုံညီ အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာ၌ မျက်မှောက်ကာလ လူ့အဖွဲ့အစည်းသစ်များ ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသောလူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်ဖြစ်ထွန်းလာစေရန် မျှော်မှန်းချက်ဖြင့် ၁၉၉၈ ခုနှစ်မှစ၍ ပညာရှင်များ၊ စီမံခန့်ခွဲသူများနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှီးနှောဖလှယ်ပွဲများကျင်းပပြီး အခြေခံပညာရေး စနစ်ကို ပြန်လည်ပြုပြင်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက အမျိုးသားပညာရေး အထူး(၄)နှစ် စီမံကိန်း ချမှတ်ပြီး ကျောင်းသင်ရိုးညွှန်းတမ်းများကို ပြန်လည်ပြုပြင်ရေးဆွဲခဲ့ကြောင်း၊ယဉ်ကျေးလိမ္မာသော နိုင်ငံသားကောင်းများဖြစ်လာသည်သာမက နိုင်ငံတကာ အသိပညာများပါ ကြွယ်ဝသည့် လူငယ်လူရွယ်များ ဖြစ်လာစေရန် ပညာရည်မြင့်မားမှုနှင့် နိုင်ငံတကာပညာရေးရေစီးကြောင်းတွင် ယှဉ်တွဲ တိုးတက်လာစေရန် ရည်ရွယ်ကြောင်း၊ ကလေးများကို ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်သည့် အရည်အသွေး၊ သဘာဝ ပတ်ဝန်းကျင်ကို မြတ်နိုးသောစိတ်ဓာတ်၊ စာပေကိုလေ့လာလိုက်စားသော စိတ်ဓာတ်များကို မြှင့်တင်ရန်အတွက်လည်း သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းထားကြောင်း၊ ကျောင်းသားများကို AIDS ကဲ့သို့ကာကွယ်နိုင်သောရောဂါဆိုးများမှ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ရန် သင်ရိုးညွှန်းတမ်း များတွင်လည်း ထည့်သွင်းရေးဆွဲ သင်ကြားပေးလျက်ရှိကြောင်း၊ ကျောင်းသားများ၏ အရည်အသွေး ပြန်လည်ဆန်းစစ်သည့်စနစ်ကိုလည်း နိုင်ငံတကာ နည်းစနစ်အတိုင်း ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ပညာရေးဝန်ကြီးဌာန ဝန်ကြီးသည် ညီလာခံတက်ရောက်နေစဉ်ကာလအတွင်း ယူနက်စကိုအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Koichiro Matsuura နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပညာရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြား ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၅-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၅။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၈:၁၀ | ၆။ | အဆိုပြိုင်ပွဲ |
| ၈:၁၅ | ၇။ | စွန်ချောင်းရေလှောင်တမံ |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Learning English The Easy and Happy Way for Children and Beginners |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | Practice in Reading |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၁၇:၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇:၃၀ | ၇။ | ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(အခြေခံပညာ ၁၅-၂၀ နှစ်)(အမျိုးသား၊အမျိုးသမီး) |
| ၁၇:၅၀ | ၈။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၈:၀၀ | ၉။ | ဂီတမဟာပျော်စရာ |
| ၁၈:၁၅ | ၁၀။ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၈:၂၅ | ၁၁။ | Discovery |
| ၁၈:၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၄။ | ကြံ့ခိုင်ကျန်းမာပြည်မြန်မာ |
| ၁၉:၁၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၁၉:၃၀ | ၁၆။ | ကျေးလက်ဒေသတစ်ခွင် အလှဆင် |
| ၂၀:၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်ဂုဏ်ပြုဇာတ်လမ်း **"ရွှေရောင်လွှမ်းသည့် ရွှေလမ်းဆီသို့"** (အပိုင်း-၁) လူမင်း၊ခန့်စည်သူ၊ ရဝေအောင်၊မြင့်မြင့်ခိုင်၊မေသန်းနု၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေ၊ နဝရတ်၊ ပွင့်နဒီမောင်၊ ရတနာခင် (ဒါရိုက်တာ-စာရေးဆရာ တင်သန်းဦး) |

## လှိုင်မြစ်အတွင်း ဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်နေစဉ် ရန်ကုန်ရှိ မြို့နယ်အချို့ အလှည့်ကျဓာတ်အားပိတ်ထားမည်

ရန်ကုန် စက်တင်ဘာ ၁၄

**ညောင်တုန်းသဘာဝဓာတ်ငွေ့မြေမှ အလုံဓာတ်အားပေးစက်ရုံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်ပေးနေသော ဓာတ်ငွေ့ပိုက်လိုင်းသည် ယနေ့ နံနက် ၈နာရီခွဲ တွင် လှိုင်မြစ်အတွင်း ပေါက်သွားခဲ့သဖြင့် အလုံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များ၏ ဓာတ်အားထုတ်လုပ်မှုကို ရပ်ဆိုင်းထားရသည်။**

**သို့ဖြစ်ပါ၍ ထိုဓာတ်ငွေ့ပိုက်လိုင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက ပြုပြင် နေစဉ်အတွင်း ရန်ကုန်မြို့တော်ရှိ လသာ၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ လှိုင်၊ တာမွေနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များ၏ အချို့နေရာများတွင် အလှည့်ကျစနစ်ဖြင့် ဓာတ်အားပိတ်ထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။** (သတင်းစဉ်)

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

15-9 (07).p65 1 26.03.1905, 1:35 PM

## ✻ ရှေ့ဖုံးမှ

ရှေ့ဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရန်ကုန်ချောင်းစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းက ရန်ချောင်းစက်မှုဇုန်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လုပ်ငန်းရှင်များအားမြေနေရာချထားမှု၊ စက်မှုဇုန်၌ရှိသော စက်မှုလုပ်ငန်း အမျိုးအစားများ၊ လျှပ်စစ်မီးနှင့် ရေရရှိရေးဆောင်ရွက်ထားမှု၊ ဂျစ်ကား၊ ဘတ်စ်ကားနှင့် အခြားမော်တော် ယာဉ်များထုတ်လုပ်မှုအခြေအနေ၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင် ကယ် တီထွင်ထုတ်လုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုဇုန်လုပ်ငန်းရှင်များ က ၎င်းတို့၏ကုန်ထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းက ရန်ကုန်၊ ချောက်ဒေသ များ၌ သဘာဝဓာတ်ငွေ့သုံးမော်တော် ယာဉ်များအခြေအနေကို ရှင်းလင်း တင်ပြရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဖြည့်စွက်ရှင်း လင်းတင်ပြသည်။

### အဓိကအားပြုလုပ်ကိုင်

ယင်းနောက် အတွင်းရေးမှူး(၁)က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင် ရေနံချောင်း စက်မှုနယ်မြေသည် အစဉ်အလာ ကောင်း၊ နာမည်ကောင်းရှိသော စက်မှု လုပ်ငန်းများတည်ရှိသော နယ်မြေဖြစ် ကြောင်း၊ **မိမိတို့၏ ပင်ကိုအရည် အသွေးများကို မြှင့်တင်၍ သွင်းကုန် အစားထိုး စက်မှုလုပ်ငန်းများထူထောင် နိုင်အောင် ကြိုးစားသွားကြရမှာဖြစ် ကြောင်း၊ မော်တော်ကားထုတ်လုပ်ရာ မှာရော မော်တော်ဆိုင်ကယ်ထုတ်လုပ် ရာမှာပါ ကိုယ်ပိုင်အတတ်ပညာစွမ်း အားနှင့် ဖန်တီးနိုင်မှုတို့အပေါ် အဓိက အားပြုလုပ်ကိုင်သွားကြစေလိုကြောင်း။**

သဘာဝဓာတ်ငွေ့သုံးစွဲမှု အတွေ့ အကြုံသည် ရေနံချောင်းနှင့် ချောက် ဒေသ၌ နှစ်ပေါင်းကြာရှည်စွာဖြတ် သန်းခဲ့ပြီးဖြစ်၍ ယခုမော်တော်ကား များကို ဓာတ်ငွေ့သုံးကားများအဖြစ် ပြောင်းလဲသုံးစွဲရာ၌ ရေနံချောင်းစက်မှု ဇုန်က လိုအပ်သောစက်ပစ္စည်းများ ထုတ်လုပ်နိုင်အောင်၊ စနစ်တကျ လွယ် လင့်တကူပြောင်းလဲတပ်ဆင်မှုများ ပြုလုပ်ပေးနိုင်အောင် ကြိုးစားသွားသင့် ကြောင်းဖြင့် မှာကြားသည်။





**စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ရေနံချောင်းစက်မှုဇုန်ရှိ Three Friends Co., Ltd. ၏ သုံးဘီးဆိုင်ကယ်အလုပ်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

### ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် အတွင်း ရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ခန်းမ အတွင်း ခင်းကျင်းပြသထားသည့် ရေနံ ချောင်းစက်မှုဇုန်ထုတ် ဆယ်ဘီးကား လေးထိုင်ခုံနှင့် ဆက်စပ်ပစ္စည်းများ၊ ရေတင်စက်နှင့် အပိုပစ္စည်းများ၊ အမှုန့်ကြိတ်စက်နှင့်အပိုပစ္စည်းများ၊ မော်တော်ယာဉ်သုံးစက်အစိတ်အပိုင်း များကို ကြည့်ရှုအားပေးပြီး အခမ်း အနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### ရွှေနဂါးစက်မှုလက်မှု

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ရွှေနဂါးစက်မှု လက်မှု STAR မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက် ကြသည်။

ရှေ့ဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံမှထုတ်လုပ် သည့် အိတ်ဇော၊ Handle အထိန်း အထိုင်များ၊ နောက်မားကက်အထိုင် များ၊ ရှေ့ခရင်းခွ၊ ကိုယ်ထည်ဖရိန်၊ နောက်ခရင်းခွ၊ ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်သည့် စက်အစိတ်အပိုင်းများ ကိုလည်းကောင်း၊ Milling Machine များဖြင့် စက်ခုတ်စားနေမှုကို လည်းကောင်း၊ ပြည်ပမှတင်သွင်းသည့် Brakeကြိုး၊ Milageကြိုး၊ Choke ကြိုး၊ Leverကြိုးများနှင့် စက်အစိတ် အပိုင်းများကိုလည်းကောင်း လှည့် လည် ကြည့်ရှုစစ်ဆေးသည်။

**စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မကွေးတိုင်း မင်းလှမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့ လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အမှတ်(၂)လယ်ယာသုံးစက် ပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်)တွင် ထုတ်လုပ်ထားသော နှစ်ဘီးလမ်းကြိတ် စက်နှင့် သုံးဘီးလမ်းကြိတ်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

### ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံကတီထွင် ထုတ်လုပ်ထားသည့် မော်တော်ဆိုင် ကယ်ကိုယ်ထည်ဖရိန်များ၊ စက်အစိတ် အပိုင်းများ၊ မိုလ်များ၊ ဒိုင်များ၊ ဂျစ်ခုံများ၊ ရှေ့နောက်ရှော့ဘားများကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် STAR မော်တော် ဆိုင်ကယ်ခေါင်းခြမ်းတပ်ဆင်ခြင်း အဆင့်ဆင့်နှင့် ကိုယ်ထည်အပေါ်ပိုင်း၊ အောက်ပိုင်းတပ်ဆင်ခြင်းလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း၊ တပ်ဆင် ပြီး မော်တော်ဆိုင်ကယ်ကို အဆင့်ဆင့် စစ်ဆေးမှုနှင့် ကွန်ပျူတာထိန်းချုပ်မှု စနစ်ဖြင့် ဆိုင်ကယ်အလိုင်းမင့်ချိန်ခြင်း တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး ရာ လုပ်ငန်းရှင်ဒေါ်ဝင်းမော်ထွန်းနှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြသကြ သည်။

**ရောဝတီတိုင်း ပုသိမ်စက်မှုဇုန်မှ ထုတ်လုပ်သော ရော Double Cab ကားများအား ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)**



**မကွေးတိုင်း မင်းလှမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့ လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၂) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (မလွန်)တွင် ထုတ်လုပ်ထားသော လမ်းကြိတ် စက်များကို တွေ့ရစဉ်။ (သတင်းစဉ်)**



### ဆက်လက်ကြိုးပမ်း

ယင်းနောက် အတွင်းရေးမှူး(၁)က ပြည်တွင်းဈေးကွက်အတွင်းသို့ ပြည် တွင်းဖြစ် မော်တော်ဆိုင်ကယ်များ တိုးချဲ့ထုတ်လုပ်နိုင်အောင် မှန်မှန် ကန်ကန်၊ သန့်သန့်ရှင်းရှင်းဖြင့် ဆက် လက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက် ရန် အားပေးမှာကြားသည်။

ရေနံချောင်းစက်မှုဇုန်ရှိ ရွှေနဂါး စက်မှုလက်မှုလုပ်ငန်းသည် ပြည်တွင်း ဖြစ်ပစ္စည်း၆၅ရာခိုင်နှုန်း၊ ပြည်ပလုပ် ပစ္စည်း၃၅ရာခိုင်နှုန်းအသုံးပြု၍ ကိုယ် ပိုင် STAR အမှတ်တံဆိပ်မော်တော် ဆိုင်ကယ်စုပါကပ်ကို စတင်ထုတ်လုပ် လျက်ရှိပြီး ပြည်တွင်းဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် တင်ပို့ ရောင်းချနိုင်အောင် ကြိုးစားလျက် ရှိသည်။ စက်အင်အားအရ တစ်နေ့ ဆိုင်ကယ်အစီး၇၀ထုတ်လုပ်နိုင်စွမ်း ရှိကြောင်း သိရသည်။

### သုံးဘီးဆိုင်ကယ်အလုပ်ရုံ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ရေနံချောင်း စက်မှုဇုန်ရှိ Three Friends Co., Ltd. ၏ သုံးဘီးဆိုင်ကယ်အလုပ်ရုံ သို့ရောက်ရှိပြီး သုံးဘီးဆိုင်ကယ် (ဓာတ်ဆီ)၊ သုံးဘီးဆိုင်ကယ်(ဒီဇယ် ဆီ)တပ်ဆင်ထုတ်လုပ်နေမှုလုပ်ငန်း အဆင့်ဆင့်တို့ကိုကြည့်ရှုအားပေးသည်။

ဆက်လက်၍ စက်ရုံအတွင်း ခင်းကျင်းပြသထားသည့် သုံးဘီး ဆိုင်ကယ်ထုတ်လုပ်ရေးဆိုင်ရာ ပိုက် ကွေးစက်များ၊ ပြည်တွင်းထုတ်လုပ် သော စက်ပစ္စည်းများ၊ပြည်ပမှ ဝယ်ယူ ရသည့် စက်အပိုပစ္စည်းများ၊ မိုလ်များ၊ သံပြားမြောင်းဖော်စက်၊ သံပြားဖြတ် စက်၊ စက်တပ်ဆင်နေမှု လုပ်ငန်း အဆင့်ဆင့်တို့ကိုလည်းကောင်း၊ ယာ မြေသုံး လက်တွန်းထွန်စက်များကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ လုပ်ငန်းရှင် ဦးမျိုးနိုင်က လိုက်လံရှင်းလင်းပြသသည်။

**တီထွင်ကြံဆထုတ်လုပ်**

ယင်းနောက် အတွင်းရေးမှူး(၁)က ဒေသသုံးအဖြစ် သုံးဘီးဆိုင်ကယ် ထုတ်လုပ်မှုကို သုံးစွဲသူစိတ်ကြိုက် ဖြစ်အောင် တီထွင်ကြံဆထုတ်လုပ်သွားရန် မှာကြားသည်။

Three Friends Co., Ltd. ကဒေသတွင်းသုံးစွဲ နိုင်သည့် သုံးဘီး မော်တော်ဆိုင်ကယ်များကို ပြည်တွင်းဖြစ်ပစ္စည်းအများစုသုံးစွဲ၍ စမ်းသပ်ထုတ်လုပ်လျက်ရှိသကဲ့သို့ တစ်လုံးထိုးခြောက်ကောင်အားလက်တွန်းထွန်စက်ငယ်များကိုလည်း စတင်စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ရေနံချောင်းမြို့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်(၁) CNG(1)သို့ ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) သည် အရောင်းဆိုင်ရှိ Gas Compressor နှင့် Filling Station (1) ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရေနံချောင်း ရေနံမြေတွင် သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်ပေါင်း ၁၅၆စီးရှိပြီး အရောင်းဆိုင်နှစ်ဆိုင်မှ သဘာဝဓာတ်ငွေ့များကို အလုံအလောက် ရောင်းချပေးလျက်ရှိသည်။

**လျှော့နည်းသက်သာ**

ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်း ဘတ်စ်ကားနှင့် ကုန်တင်ကားများကို သဘာဝဓာတ်ငွေ့သုံးကားများအဖြစ် ပြောင်းလဲပြီးက တစ်လလျှင် ဓာတ်ဆီ ဂါလန် သုံးသိန်းကျော်၊ ဒီဇယ် ဂါလန် နှစ်သန်း သုံးသိန်းခန့်အထိ လျှော့နည်းသက်သာသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရေနံချောင်းမြို့မှ ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် မကွေးမြို့သို့ ရောက်ရှိကြသည်။



**မဟာစည်တရားပွဲများ**

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ သီတာအေးကျောင်းဆရာတော် အရှင်ဥတ္တရ (သာသနဓဇ ဓမ္မာစရိယ)သည် စက်တင်ဘာ ၂၀ရက်မှ ၃၀ရက်အထိ တောင်ငူမြို့ မဟာစည်အေးရိပ်သာ တရားစခန်း၊ အောက်တိုဘာ၆ရက်၌ ဆရာစံတောင်ရပ်ကွက် သာသနာ့ရှေ့ဆောင်ဓမ္မာရုံ၊ အောက်တိုဘာ ၁၂ရက်မှ ၁၄ရက်အထိ ဧရာဝတီတိုင်း မြင်းကကုန်းမြို့ ဓမ္မဂုဏ်ရည်မဟာစည် တရားစခန်း၊ အောက်တိုဘာ၂၉ ရက်၌ သာကေတမြို့ ရန်အောင်မြင်ဓမ္မာရုံတို့၌သတိပဋ္ဌာန်တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

**ရှင်းလင်းတင်ပြ**

**စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ရေနံချောင်းမြို့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်(၁) CNG(1)တွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကိုတစ်ကမ္ဘာလုံးကစိတ်ဝင်စား မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာဖော်ပြနိုင်ရေးအစွမ်းကုန်ကြိုးစား

ရန်ကုန် စက်တင်ဘာ ၁၄

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးအတွက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓသာဘာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပသည်။**

အစည်းအဝေးတွင် ရှေးဦးစွာ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကားပြောကြားရာ၌ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပမည့်ရက်မှာ တစ်ရက်ပြီးတစ်ရက် နီးကပ်လာပြီဖြစ်ရာ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ဆပ်ကော်မတီအသီးသီးအနေနှင့် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးသည်များ၊ ဆောက်ရွက်ရန် ကျန်ရှိသည်များနှင့် လုပ်ငန်းကော်မတီအနေနှင့်ပံ့ပိုးကူညီရန်လိုအပ်ပါက ယခုအစည်းအဝေးတွင် တင်ပြရန်ဖြစ်ကြောင်း၊စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားလျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို ဖော်ပြနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ညီလာခံသို့တက်ရောက်မည့် စာရင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ စိမ်းလန်းစိုပြည်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ၊ အစည်းအဝေးကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိသည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍အစည်းအဝေးတက်ရောက်လာသူများက ဖြည့်စွက် အကြံပြုဆွေးနွေးတင်ပြကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်အဖွဲ့ဝင်များသည် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပမည့် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**



**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မကွေးတိုင်း အတွင်းရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ၊ ဆက်လက်တိုးချဲ့ထူထောင်သွားမည့် အရောင်းဆိုင်များ၊ ရေနံချောင်းရေနံမြေ၊ ချောက်ရေနံမြေရှိ သဘာဝ ဓာတ်ငွေ့သုံးမော်တော်ယာဉ်များ အခြေအနေ၊ အရောင်းဆိုင်များရှိ Compressorများသုံးစွဲမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆက်လက်၍ ပလိပ်မှ မန္တလေးသို့ ခြောက်လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတိုးချဲ့သွယ်တန်းရေးကိစ္စ၊ မြင်းခြံ၊ မကွေး၊ရေနံချောင်း၊ အောင်လံ၊ ပြည်၊ ကြို့ပင်ကောက်၊ ရန်ကုန်အနောက်ရိုးမလမ်းတစ်လျှောက် သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ရေးကိစ္စ၊ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းသို့ ခရီးသည်တင်၊ ကုန်တင်ယာဉ်များအတွက် ဆိုင်သစ်ငါးဆိုင်ဖွင့်လှစ်ရေးကိစ္စ၊ ဆက်လက်၍ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များမှ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်များအတွက် ဆိုင်များ တိုးချဲ့ဖွင့်လှစ်ရေး ကိစ္စတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း မင်းလှမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မလွန်)သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**လမ်းကြိတ်စက်**

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စက်ရုံခန်းမ၌ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမျိုးတင့်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများဖောက်လုပ်ရာတွင် အသုံးချနိုင်ရန်၊ နည်းပညာသစ်တိုးတက်ရရှိစေရန်၊ စက်ပစ္စည်းအမယ်သစ်(အမည်သစ်)များ တိုးတက် ထုတ်လုပ်ရန်နှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲရမှုလျှော့နည်းစေရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် လမ်းကြိတ်စက်ထုတ်လုပ်ရေးကို စတင်ခဲ့မှု၊ အလေးချိန် ရှစ်တန်ရှိ နှစ်ဘီးလမ်းကြိတ်စက်များ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့မှုနှင့်ရောင်းချနိုင်မှု၊အလေးချိန်၁၀တန်ရှိ သုံးဘီးလမ်းကြိတ်စက်ကို စတင်တီထွင်ထုတ်လုပ်နိုင်မှု၊ သုံးဘီး လမ်းကြိတ်စက်တွင်ပါဝင်သော စက်အစိတ်အပိုင်းများ၊ ယင်းစက်အစိတ်အပိုင်းများ၌ စက်ရုံကတီထွင်ထုတ်လုပ်နိုင်သည့် စက်အစိတ်အပိုင်းများ၊ ပြည်ပမှဝယ်ယူတပ်ဆင်သည့်စက်အစိတ်အပိုင်းများကို ရှင်းလင်းတင်ပြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

**စဉ်ဆက်မပြတ်**

ထို့နောက် အတွင်းရေးမှူး(၁)က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လမ်းကြိတ်စက်ထုတ်လုပ်မှုလုပ်ငန်းကို ထိရောက်အောင်မြင်စွာ စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် အရည်အသွေး အဆင့်အတန်းရှိအောင် ထုတ်လုပ်သွားရန်မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လမ်းကြိတ်စက်ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ နှစ်ဘီးနှင့် သုံးဘီးလမ်းကြိတ်စက် တပ်ဆင်ထုတ်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ထုတ်လုပ်ပြီး နှစ်ဘီးလမ်းကြိတ်စက်နှင့်သုံးဘီးလမ်းကြိတ်စက်တို့ကိုထပ်မံကြည့်ရှုစစ်ဆေးကြသည်။

**ရေနံချောင်းမြို့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်(၁) CNG(1) အတွင်းရှိ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရေး စက်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)**

**မြင်းကောင်ရေ**

နှစ်ဘီးလမ်းကြိတ်စက်မှာ မြင်းကောင်ရေ ၅၀ အားရှိ အင်ဂျင်စက်တပ်ဆင်ထားပြီး ဝန်အလေးချိန်မှာ ၈ တန်မှ ၁၀ တန်အထိရှိသည်။

သုံးဘီးလမ်းကြိတ်စက်မှာ မြင်းကောင်ရေ ၈၀ အားရှိ အင်ဂျင်စက်တပ်ဆင်ထားပြီး ဝန်အလေးချိန်မှာ ၁၀ တန်မှ ၁၂ တန်အထိရှိသည်။

**နိုင်ငံခြားငွေသက်သာ**

ယင်းလမ်းကြိတ်စက်များကို ယခုကဲ့သို့ ပြည်တွင်းမှာပင် အောင်မြင်စွာ ထုတ်လုပ်နိုင်သဖြင့် နိုင်ငံခြားသုံးငွေများစွာသက်သာစေကြောင်းသိရှိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ပြည်မြို့သို့ ရောက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ ညပိုင်းတွင်ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**


**စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့**

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

# အေးအေးချမ်းချမ်း ကျန်းကျန်းမာမာ နယ်စပ်ဒေသမှာ

မြင့်စိုး
(နတလ)

**[၁၉၈၉ ခုနှစ်မှ ယနေ့အချိန်ထိ နယ်စပ်ဒေသ အသီးသီး၌ ဆေးရုံ ၅၄ရုံ၊ ဆေးပေးခန်း ၈၁ခု၊ ကျေးလက် ကျန်းမာရေးဌာန ၃၃ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၅၆ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။]**

၁၉၈၉ ခုနှစ် မေလ ၂၂ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးသည် **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး** တည်းဟူသောနိုင်ငံတော်၏အမျိုးသားရေး မူဝါဒများနှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ရည်သန်လျက် ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးဖြစ်သည်။

ထိုအစည်းအဝေးမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ လုပ်ငန်း ဆပ်ကော်မတီများကို ဖွဲ့စည်းပေးခဲ့သည်။ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းရန် မူဝါဒများ ချမှတ်ပေးခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်၊ အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းများ၊ အခြေခံစားကုန်များ သယ်ယူဖြန့်ဖြူးပေးရေး ကိစ္စရပ်များအပေါ် ကဏ္ဍတစ်ခုချင်းအလိုက် အသေးစိတ် လမ်းညွှန်မှာကြားခဲ့သည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းဆပ်ကော်မတီကိုးခုဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျန်းမာရေးနှင့်ပညာရေးလုပ်ငန်းဆပ်ကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ (ယခုအခါ သီးခြားဆပ်ကော်မတီတစ်ခုစီ ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်သည်) ထိုနေ့၌ ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ **“လူတိုင်းအသက်ရှည်ရှည် နေချင်ကြပါကြောင်း၊ ၎င်းတို့အတွက် မိမိတို့က ဆေးဝါးပစ္စည်း အထောက်အပံ့များနှင့် ဆေးရုံများ တည်ဆောက်ပေးရန် လိုအပ်ကြောင်း”** လမ်းညွှန်မိန့်ကြား ခဲ့သည်။

## အစောဆုံးဖွင့်လှစ်ခဲ့သည့် ဆေးရုံ၊ ဆေးခန်းများ

ယင်းလမ်းညွှန်ချက်နှင့်အညီ ၁၉၈၉ခုနှစ်အတွင်းမှာပင် ကိုးကန့်ဒေသ၌ လောက်ကိုင်ဆေးရုံ၊ ချင်းရွှေဟော်ဆေးရုံ၊ ဆီအောဆေးခန်း၊ ပါစင်ကျော်ဆေးခန်း၊ တာရွှေထန်ဆေးပေးခန်းတို့ကိုလည်းကောင်း၊ ‘ဝ’ဒေသ၌ မိုင်းမောဆေးရုံနှင့် နမ့်တစ်ဆေးပေးခန်းတို့ကို လည်းကောင်း၊ ကျိုင်းတုံ အရှေ့ဒေသ၌ မိုင်းလားဆေးရုံ၊ မိုင်းယုဆေးရုံ၊ ဆီလူးဆေးပေးခန်း၊ မိုင်းမဆေးပေးခန်း၊မိုင်းဟဲဆေးပေးခန်း၊ ကျိုင်းခမ်း(မိုင်းဝ)ဆေးပေးခန်းနှင့် မိုင်းခကျေးလက်ကျန်းမာရေးဌာနတို့ကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့သည်။

## ဆေးရုံ၊ဆေးပေးခန်းများတိုးမြှင့်ဖွင့်လှစ်

၁၉၈၉ ခုနှစ်အတွင်း ဆေးရုံငါးရုံ၊ ဆေးပေးခန်း ကိုးခုဖြင့် စတင်ခဲ့သော နယ်စပ်ဒေသ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ကာကွယ်ကုသပေးနိုင်ရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ရာ ယနေ့အချိန်တွင် ဆေးရုံ ၅၄ရုံ၊ ဆေးပေးခန်း ၈၁ခု၊ ကျေးလက်ကျန်းမာရေးဌာန ၃၃ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၆ခု ဖွင့်လှစ်ပေးပြီး ဖြစ်သည်။ ဒေသအလိုက် ဖွင့်လှစ်ပေးပြီးဖြစ်သော ဆေးရုံတည်နေရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ကချင်အထူးဒေသ(၁) | – | နဖွန်ဘော်၊ ချီဖွေ၊ ဆော့လော်၊ |
| ကချင်အထူးဒေသ(၂) | – | ခေါင်လန်ဖူး၊ နောင်မွန်း၊ |
| ကိုးကန့်ဒေသ | – | ချင်းရွှေဟော်၊ လောက်ကိုင်၊ ကုန်းကြမ်း၊ မုံးကိုး၊ |
| ‘ဝ’ဒေသ | – | မိုင်းမော၊ ပန်ဝိုင်၊ ဝိန်းကောင်၊ပန်ဆန်း၊ ပန်လုံ၊ နမ့်တစ်၊ |
| ရှမ်းဒေသ | – | ဆင်ကျော့၊ ပုံဝိုး၊ |
| ပလောင်ဒေသ | – | နမ့်ဆန်၊ မန်တုံ၊ နမ့်ခမ်း၊ ပြင်လုံ(မုံးဝီး)၊ |
| ကချင်အရှေ့မြောက်ဒေသ | – | ကောင်းခါး၊ |
| ကျိုင်းတုံအရှေ့ဒေသ | – | မိုင်းလား၊ မိုင်းကိုင်၊ မိုင်းခွန်၊ ဝမ်ပုံ၊ ကျိုင်းလတ်၊ မိုင်းယု၊ ပုံပါကျင်၊ မိုင်းပေါက်၊ ရောင်ခ၊ |
| ဟိုမိန်းဒေသ | – | ဟိုမိန်း၊ |
| မော်ဖဒေသ | – | မက်မန်း၊ဆွတ်ဝိုး၊ |
| ပအိုဝ်းဒေသ | – | ကျောက်တလုံး၊ ပချားကလို့၊ ကျောက်တန်း၊ |
| ကယားဒေသ | – | ဟိုယာ၊ ဒေါတမကြီး၊ ဆီဘူး၊ ခရက်ဒုံ၊ ပီကင်း(လွယ်ယင်း)၊ |
| မွန်ဒေသ | – | ခေါဇာ၊ |
| ကရင်ဒေသ | – | မြိုင်ကြီးငူ၊ ကျိုက်ဒုံ၊ |
| ရခိုင်ဒေသ | – | ကြိမ်ချောင်း၊ အလယ်သံကျော်၊ အောင်သပြေ၊ တောင်ဘဇာ၊ |
| ချင်းဒေသ | – | လွိုင်တွီး၊လုံလဲရ်၊ကျီးခါး၊ |
| ကဘော်ချိုင့်ဝှမ်းဒေသ | – | မင်းသာ၊ |
| နာဂဒေသ | – | နန်းယွန်း၊ |

အဆိုပါ ဆေးရုံများအနက် နမ့်ခမ်းဆေးရုံသည် ခုတင်(၁၀၀)ဆေးရုံ၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားဆေးရုံများသည် ခုတင်(၅၀)၊ ကျန်ဆေးရုံများမှာ (၂၅)ခုတင်၊ (၁၆)ခုတင်ဆံ့ဆေးရုံများ ဖြစ်ကြသည်။ နယ်စပ်ဒေသ အသီးသီးတွင် ထိုကဲ့သို့ ဆေးရုံ၊ ဆေးပေးခန်းများ အစီ



ကိုးကန့်ဒေသလောက်ကိုင်ပြည်သူ့ဆေးရုံကိုတွေ့ရစဉ်။

အရီဖွင့်လှစ်ပေးပြီးဖြစ်လင့်ကစား တိုင်းရင်းသား သွေးချင်းများအပေါ် ပြဋ္ဌာန်းထားသည့် နိုင်ငံတော်အစိုးရ၏ စေတနာသည် ဤမျှလောက်ဖြင့် ရပ်တန့်မနေ။

## နိုင်ငံတော်အစိုးရ၏စေတနာ

၂၀၀၂ခုနှစ် ဧပြီလ ၃၀ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲက အောက်ပါအတိုင်း လမ်းညွှန်ခဲ့သည်။

**“တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများကို ဒေသ၏လိုအပ်ချက်အပေါ် မူတည်ပြီး ဖြည့်ဆည်းတည်ဆောက်ပေးသွားရန်”**

နယ်စပ်ဒေသများတွင် လူမှုစီးပွားမြင့်မားတိုးတက်လာသဖြင့် အချို့ကျေးရွာများသည် အတွင်းပိုင်းမြို့ကြီးများနှင့် မခြား ဖွံ့ဖြိုးတိုးတက်လာခဲ့ကြသည်။ မြို့ငယ်များက မြို့ကြီးများ ဖြစ်လာကြသည်။ မြို့ပြအင်္ဂါရပ်များနှင့် ပို၍ပို၍ ညီညွတ်မှုတလာခဲ့ကြသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနသည် ၎င်းနေရာဒေသများတွင် ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ တိုက်နယ်ဆေးရုံ ရှိပြီးဖြစ်လျှင်လည်း စံကိုက်ဖွဲ့စည်းပုံရရှိရေး၊ စံချိန်စံညွှန်းကိုက်ညီအောင် ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ မူလဆေးရုံရှိပြီး နယ်စပ်မြို့များကို ချန်လှပ်၍ ပြည်နယ်နှင့်တိုင်းအသီးသီး၌ ဆေးရုံများတိုးချဲ့ဖွင့်လှစ်ပေးခဲ့သော နယ်စပ်မြို့များကို အောက်ပါအတိုင်း တွေ့ရပေမည်။

| | | |
|---|---|---|
| ကချင်ပြည်နယ် | – | လွယ်ဂျယ်၊ ဒေါ့ဖုန်းယန်၊ ဟိုပင်၊ ကာမိုင်း၊ ပန်နန်းဒင်၊ ဆင်ဘို၊ |
| ကယားပြည်နယ် | – | ရှားသစ်၊ |
| ကရင်ပြည်နယ် | – | သံတောင်ကြီး၊ ဘုရားသုံးဆူ၊ ကမမောင်း၊ပိုင်ကျုံ၊ |
| ချင်းပြည်နယ် | – | ရေဇွာ၊ ရိဒ်၊ |
| စစ်ကိုင်းတိုင်း | – | ပန်ဆောင်၊ခမ်းပတ်၊မြို့သစ်၊ |
| တနင်္သာရီတိုင်း | – | ပြည်ကြီးမဏ္ဍိုင်၊ ခမောက်ကြီး၊ပလောက်၊ကလိန်အောင်၊ |
| မွန်ပြည်နယ် | – | လမိုင်း၊ |
| ရခိုင်ပြည်နယ် | – | တောင်ပြိုလက်ဝဲ၊ |
| ရှမ်းပြည်နယ်(မြောက်ပိုင်း) | – | မန်ဟီးရိုး၊တာမိုးညဲ၊ |
| ရှမ်းပြည်နယ်(အရှေ့ပိုင်း) | – | တာလေ၊ တုံတာ၊ မိုင်းခုတ်၊ |
| ရှမ်းပြည်နယ်(တောင်ပိုင်း) | – | ကျိုင်းတောင်း (တုံဟုံး)၊ ပင်လုံ၊ မိုင်းနောင်၊ နောင်တရား၊ အင်တော၊ |

နယ်စပ်ဒေသနေ တိုင်းရင်းသား သွေးချင်းများ အနေဖြင့် မိမိတို့ဒေသအတွင်းရှိ ဆေးရုံ၊ ဆေးခန်းများ၌ အချိန်မရွေး တက်ရောက်ကုသနိုင်သကဲ့သို့ ဖွံ့ဖြိုးရေးအထူးဒေသကြီးများရှိ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးများတွင်လည်း လွယ်လင့်တကူ တက်ရောက်ကုသနိုင်ပြီ ဖြစ်ပေသည်။ အမျိုးသားကျန်းမာရေး ကော်မတီအနေဖြင့်လည်း **“ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသများတွင်သာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်”** ဟူသော အမျိုးသားကျန်းမာရေး မူဝါဒတစ်ရပ်ကို ချမှတ်လမ်းညွှန်ထားပြီးဖြစ်သည်။

## ရောဂါကြိုတင်ကာကွယ်ရေး

နယ်စပ်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ ကုသမှုကို ထိရောက်စွာ ဆောင်ရွက်ပေးရန်



ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဆေးရုံအတွက် ဘီးတပ်ကုလားထိုင်များ ထောက်ပံ့ပေးအပ်စဉ်။

အပြင် ဖြစ်ပွားတက်သည့် ရောဂါများအတွက် ကြိုတင်ကာကွယ်ရေးအစီအမံများကိုပါ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ၊ ကလေးသူငယ်များ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများ၊ မိခင်နှင့်ကလေး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ၊ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခြေခံ၍ ကျေးရွာများအရောက် ကွင်းဆင်းကုသခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ၊ သားဆက်ခြားရေးစီမံချက်ပါ လုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများပါမကျန် ပညာပေး ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများထဲ၌ မူးယစ်ဆေးစွဲလူနာ ကုသရေးလုပ်ငန်းများလည်း ပါဝင်သည်။ သတ်မှတ်အရည်အချင်း ပြည့်မီသော ဒေသခံတိုင်းရင်းသူကလေးများအား သူနာပြုဒီပလိုမာ သုံးနှစ်သင်တန်း၊ သားဖွား ၁၈လသင်တန်းများ တက်ရောက်စေ၍ မိမိတို့ ဒေသအလိုက် ပြန်လည်ခန့်အပ်တာဝန်ထမ်းဆောင်စေခဲ့သည်။

## ကျန်းမာရေး ဝန်ထမ်းများ၏ စေတနာ

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများစတင်သည့် အစောပိုင်းနှစ်များ၌ ယာယီအဆောက်အအုံများတွင် ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံဟုဆိုသော်လည်း သက်ငယ်မိုး ဝါးတဲကလေးများ၊ ကြယ်မြင်လမြင်

> **နှစ်ပေါင်းများစွာ ကျန်းမာရေး စောင့်ရှောက်မှု ကင်းဝေးခဲ့ကြသည့် တိုင်းရင်းသားများ၏ ပကတိ အခြေအနေနှင့် ဖြူစင်ရိုးသားသော စိတ်ရင်းစိတ်ထားတို့ကို တွေ့မြင်ကြရသော အခါ မိမိတို့တွေ့ကြုံခံစားရသည့် ဒုက္ခသုက္ခများအားလုံး မေ့ပျောက်ကုန်ကြသည်။ ထက်သန်သော စေတနာဖြင့် ကြည့်ရှု ကုသ စောင့်ရှောက်ခဲ့ကြသည်။**

အမိုးနှင့် ရွံ့သရိုးကိုင်၍ မံထားသောအိမ်ပုပုကလေးများသာ ဖြစ်သည်။ ဝေးလံ၍ သွားလာရေးခက်ခဲသော နေရာဒေသများသို့ သူနာပြုဆရာမများ စေလွှတ်နိုင်ခြင်းမရှိသေး။ တာဝန်ခံ ဆရာဝန်နှင့် သူနာပြု၊ ဆေးစပ်ဆရာတစ်ဦး လောက်သာ ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့





**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(တောင်ပိုင်း)လေးဒေါင့်ကန် အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

## ■ ကျောဖုံးမှ

ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း(ငြိမ်း)၊ဗဟိုစည်းရုံးရေး ကော်မတီဝင်များဖြစ်ကြသည့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ မိဘများ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာ၌ ဤအမှတ် (၁)စစ်မှုထမ်းဟောင်း စံပြရွာကို ၁၉၈၆ ခုနှစ်ကပင် ယခု နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် လမ်းညွှန်မှုဖြင့်တည်ထားသော စစ်မှုထမ်းဟောင်းစံပြကျေးရွာဖြစ်ကြောင်း၊ ဤကျေးရွာအတွင်း နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော အငြိမ်းစားစစ်မှုထမ်းများအား နေထိုင်ရန်အိမ်အပြင် လုပ်ကိုင်စားသောက်နိုင်ရန် စိုက်ပျိုးမြေများ၊ လယ်ယာသုံး ကျွဲ၊ နွားများ၊ မွေးမြူရေးခြံများစသည်ဖြင့် ပြည့်ပြည့်စုံစုံ စီစဉ်ပေးထားသည့်အပြင် ဤရွာမှ ရန်ကုန်မြို့တွင်းသို့ ဆက်သွယ်သွားရောက်နိုင်ရန် မော်တော်ယာဉ်လိုင်းကားများ၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် (၁၆)ခုတင်ဆံ့ဆေးရုံ၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ရင်သွေးငယ်များ ပညာသင်ကြားနိုင်ရန် ဤစာသင်ကျောင်းများကိုပါ နိုင်ငံတော်၏စီစဉ်ပေးမှု၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း။

### လှူဒါန်းထား

ထို့အတူ ဤရွာ၏ သက်တမ်းကာလတစ်လျှောက် လိုအပ်သည်များကိုလည်း မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အခါမလပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤကျောင်းဆောက်လုပ်ပေးမှု အပြင် လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ မာလ်တီမီဒီယာစာသင်ခန်းများ တည်ထောင်ဖွင့်လှစ်နိုင်အောင် မတည်ဆောင်ရွက်ပေးခြင်း တို့ကိုလည်း ပြုလုပ်ပေးခဲ့ကြောင်း၊ ထို့အပြင် ဘုန်းတော်ကြီးကျောင်းနှင့် ၁၈တောင်မြင့်သည့် ရွှေတိဂုံပုံတူစေတီတော်တို့ကိုလည်း သာသနာရောင်ဝါထွန်းလင်းရေးအတွက် စီစဉ်တည်ဆောက်လှူဒါန်းထားပြီးဖြစ်ကြောင်း။

### စနစ်တကျပြုစု

ထို့ကြောင့် ဤရွာရှိ စစ်မှုထမ်းဟောင်းမိသားစုများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့စေတနာတို့ကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကြပြီး မိမိတို့၏ ရင်သွေးငယ်များကို နိုင်ငံတော်၏ အနာဂတ်အတွက် သားကောင်းရတနာများဖြစ်အောင် စနစ်တကျမြေတောင်မြှောက်ပြုစုပေးကြရန် ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများ၏ ပညာရည်ထက်မြက်မြင့်မားရေး၊ လူရည်ချွန် လူရည်မွန်များဖြစ်ပေါ်လာရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်ကိုစောင့်ရှောက်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သော နိုင်ငံ့ သားကောင်းရတနာများ ဖြစ်ပေါ်စေရေးတွင် အုပ်ထိန်းသူ မိဘ၊ သင်ကြားပေးသူ ဆရာဆရာမများနှင့် သင်ယူဆည်းပူးသူ ကျောင်းသား ကျောင်းသူများ အားလုံးတို့တွင် တာဝန်ကိုယ်စီ ရှိကြကြောင်း။

### ဆုံးမသွန်သင်

ထို့ကြောင့် မိဘများကမိမိတို့၏ ရင်သွေးသားသမီးများကို နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်အောင် ကျောင်းတက်မှန်စေရေး၊ လိမ္မာရေးခြားရှိစေရေး၊ စာမှန်မှန်ကျက်မှတ်စေရေးတို့အပြင် လိုအပ်သည်များကို ဖြည့်ဆည်းဆုံးမသွန်သင်ပြုစုပေးကြရန်ဖြစ်ကြောင်း။

ဆရာ ဆရာမများကလည်းမိမိတို့ တပည့် ကျောင်းသားကျောင်းသူများကို ပညာရည်မြင့်မားရေး၊ လိမ္မာရေးခြားရှိရေး၊ စည်းကမ်းသေဝပ်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊သတ်မှတ်သင်ရိုးညွှန်းတမ်းအတိုင်း အပြည့်အဝ စနစ်တကျ သင်ကြားရေးတို့ကို ဂရုစိုက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများကလည်း မိမိတို့ ကိုယ်တိုင်ထူးချွန်ထက်မြက်ရေး၊နိုင်ငံ့သားကောင်းရတနာများ ဖြစ်ရေးတို့အတွက် ကြိုးစားကြရန်ဖြစ်ကြောင်း၊ ပညာရည်ပြည့်ဝမှသာ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်နိုင်မည်ဖြစ်ရာ မိမိတို့ကိုယ်တိုင် လူချွန်လူမွန်များ၊ စည်းကမ်းသေသပ်သူများ၊ နိုင်ငံတော်၏အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာစေရန် အထူးကြိုးစား အားထုတ်ကြရန်ဖြစ်ကြောင်း။

ထို့ကြောင့် မိဘ၊ ဆရာ၊ ကျောင်းသားတို့ သုံးဦးသုံးဖလှယ် ကိုယ်စီတာဝန် ကျေပွန်ကြရန်နှင့် ဤကျောင်းတော်ကြီး၏ ဂုဏ်သိက္ခာမြင့်မားရေး၊ နိုင်ငံတော်အတွက်သားကောင်းရတနာများ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်ရေးတို့ကိုအလေးမူကာ မိမိတို့ကျရာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုဆုများပေးအပ်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဓာတုဗေဒဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူလေးဦးနှင့်သင်ကြားမှုထူးချွန်သော ဆရာမငါးဦးတို့အား ပညာရည်ချွန်ဆုနှင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)က ဘက်စုံထူးချွန်ဆုရ ကျောင်းသူနှစ်ဦးအားလည်းကောင်း၊ ဗဟို စည်းရုံးရေးကော်မတီဝင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားထူးချွန်ဆုရ ကျောင်းသားကျောင်းသူ လေးဦးတို့အားလည်းကောင်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက မြို့နယ်အဆင့် ပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူသုံးဦးတို့အားလည်းကောင်း၊ ဗဟို စည်းရုံးရေးကော်မတီဝင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးက ကျောင်းဘက်စုံဆုရ ကျောင်းသားကျောင်းသူ ငါးဦးတို့အားလည်းကောင်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ကျောင်းမိသားစုဘာသာရပ်အလိုက် ထူးချွန်ပထမဆုရ ကျောင်းသားကျောင်းသူငါးဦးတို့အားလည်းကောင်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ကျောင်းလုပ်ငန်းထူးချွန်ပထမဆုရ ကျောင်းသား ကျောင်းသူနှစ်ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားဝန်ကြီးဌာနကလှူဒါန်းသည့်အားကစားပစ္စည်းများကို ကျောင်းအုပ် ဆရာကြီး ဦးသိန်းလွင်ထံ ပေးအပ်လှူဒါန်းသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျောင်းအတွက် အလှူတော်ငွေပေးအပ်ခြင်း အစီအစဉ်ကို ကျင်းပရာ အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရွာမိသားစုများက လှူဒါန်းငွေကျပ် ၃၀၀၀၀၀ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်ဦး(ငြိမ်း)ကလည်းကောင်း၊ ကျောင်းသားမိဘများက လှူဒါန်းငွေကျပ် ၁၅၀၀၀၀ကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးကျော်ကလည်းကောင်း၊ အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ ဈေးသူ ဈေးသားများ လှူဒါန်းငွေကျပ် ၅၀၀၀၀ ကို ဈေးသာယာရေးအဖွဲ့ဝင်များက လည်းကောင်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်ထံ အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးသိန်းလွင်က ကျောင်းအတွက် လှူဒါန်းမှုအစုစုအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနား ပထမပိုင်းကို ခေတ္တရပ်နားသည်။

အခမ်းအနား ပထမပိုင်းအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နံနက် ၉နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပညာရည်ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(တောင်ပိုင်း)လေးဒေါင့်ကန် အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် သင်ကြားမှုထူးချွန်သော ဆရာမတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**

**စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

ထိုကဲ့သို့သော နေရာမျိုးတွင် ဆရာဝန်သည် တစ်ခါတစ်ရံသူနာပြု၊ တစ်ခါတစ်ရံ သန့်ရှင်းရေးလုပ်သားဘဝသို့ အလိုလိုရောက်သွားတော့သည်။ ဆေးထိုးဆေးတိုက်လည်းသူ၊ အဖျားတိုင်း ရေပတ်တိုက်တော့လည်း သူပဲဖြစ်သည်။ အစာပိုက်သွင်းပေးရ၊ ဝမ်းချုပေးရတာတွေလည်း ရှိသေးသည်။ မွေးလူနာ ကြည့်ရသည်မှာလည်း မထူးဆန်းတော့။ လူနာမှတ်တမ်း၊ လချုပ်အစီအရင်ခံစာ၊ နေ့စဉ်ဆေးဝါးအသုံးစာရင်းကအစ သူပဲရေးဆွဲရသည်။ ဒါတွင်မက မိုးယိုလျှင် အမိုးတက်ဖာရသေး၏။

ဘာသာစကား မပေါက်၍ တောင်မေးမြောက်ဖြေဆိုတာတွေနှင့်လည်း ကြုံရသည်။ လူနာကို ဆရာဝန်ကပဲ ထမင်းချက်ကျွေးလိုက်ပါဟု မှာကြားကာ စိတ်ချလက်ချ ရွာပြန်သွားသော လူနာရှင်များနှင့်လည်း ဆုံရသည်။ တစ်နည်းဆိုရသော် ထိုအချိန်က သွားလာရေးခက်ခဲခြင်း၊ အနေအစားဆင်းရဲခြင်း၊ ဘာသာစကား အခက်အခဲဖြစ်ခြင်းတို့နှင့် ဆရာဝန်၊ သူနာပြုများ မလွဲမသွေ ကြုံကြရသည်။

သို့တစေ **နှစ်ပေါင်းများစွာ ကျန်းမာရေး စောင့်ရှောက်မှုကင်းဝေးခဲ့ကြသည့် တိုင်းရင်းသားများ၏ ပကတိအခြေအနေနှင့် ဖြူစင်ရိုးသားသော စိတ်ရင်းစိတ်ထားတို့ကို တွေ့မြင်ကြရသောအခါ မိမိတို့တွေ့ကြုံခံစားရသည့် ဒုက္ခသုက္ခများအားလုံး မေ့ပျောက်ကုန်ကြသည်။ ထက်သန်သော စေတနာဖြင့် ကြည့်ရှုကုသစောင့်ရှောက် ခဲ့ကြသည်။** ထိုသို့ တာဝန်ထမ်းဆောင်ရင်း မိမိတို့ကိုယ်တိုင် ရောဂါဝေဒနာတစ်ခုခု ခံစားဖြစ်ပေါ်၍ အသက်ဆုံးပါးသွားရသည့် ဆရာဝန်၊ သူနာပြုများလည်းရှိခဲ့သည်။ ဝိန်းကောင်ဆေးရုံမှ ဒေါက်တာသန်းအောင်၊ ဆွတ်ပိုးဆေးရုံမှ ဒေါက်တာတင်ထွဋ်ဝင်း၊ ပန်ဆန်းဆေးရုံမှ ဒေါက်တာအေးကိုနှင့် ဒေါက်တာဝင်းလှိုင်၊မိုင်းမောဆေးရုံမှ ဒေါက်တာ မျိုးမင်း၊ ဆဒုံးဆေးရုံမှ ဒေါက်တာကျော်ကျော်အောင်၊ နမ့်ခမ်းဆေးရုံမှ ဒေါက်တာညီညီတင် စသည်တို့ အပါအဝင် ဖြစ်သည်။

### အေးအေးချမ်းချမ်း ကျန်းကျန်းမာမာ နယ်စပ်ဒေသမှာ

နယ်မြေအေးချမ်းမှုမရှိခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့သည် တစ်ချိန်က နယ်စပ်ဒေသများ၏ ကျန်းမာရေးကဏ္ဍကို များစွာထိခိုက် ဆိုးရွားစေခဲ့သော အကြောင်းရင်းခံများ ဖြစ်ခဲ့ကြသည်။ ထိုသောအခါ နယ်စပ်ဒေသနေ တိုင်းရင်းသားများသည် ဆေးမြီးတိုဖြင့် ကုသခြင်းနည်းလမ်းများကို အားထားခြင်း၊ ဘိန်းကို ဇဝေါးရောဂါပျောက် ဆေးသဖွယ် မှီဝဲစားသုံးကြခြင်း စသည့် မကောင်းသော အကျိုးဆက်များနှင့်အတူ နှစ်ပေါင်းများစွာ သံသရာလည်ခဲ့ရသည်။

ယနေ့အချိန်အခါတွင်မူ နယ်စပ်ဒေသများ ဘယ်ခေတ်ဘယ်အခါမျှနှင့်မတူ တည်ငြိမ်အေးချမ်းခဲ့ပြီ။ သွားလမ်းသာ၍ လာလမ်းဖြောင့်ခဲ့ပြီ။ နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခု၏ စီမံကိန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကလည်း နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး၌ အမျိုးသားကျန်းမာရေးကဏ္ဍကို မြင့်မားတိုးတက်စေခဲ့သည်။ ဤအကြောင်းတရားများကြောင့် ယနေ့ နယ်စပ်ဒေသများ၏ အခြေအနေများကို ကျွန်တော် ဤသို့ညွှန်းဆိုလိုပါသည်-

**"အေးအေးချမ်းချမ်း ကျန်းကျန်းမာမာ နယ်စပ်ဒေသမှာ"။** ။

# ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတိုးတက်ရေး စွမ်းအင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး စစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁၄

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းက လက်ပံတန်းမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်၀၉၄၇သို့ ရောက်ရှိ၍ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခဲ့ပြီး တိုင်းရောင်းဝယ်ရေးအရာရှိ၊ ပြည်ဌာနခွဲမန်နေဂျာနှင့် တာဝန်ရှိသူများကို သိုလှောင်ဖြန့်ဖြူးမှုများ စနစ်တကျရှိစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ စက်သုံးဆီအရောင်းဆိုင်များ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန် မှာကြားသည်။**

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြည်တောင်တန်း ရေနံမြေသို့ ရောက်ရှိခဲ့ရာ ရေနံမြေမန်နေဂျာနှင့် ဌာနမှူးများက ကွေ့မ၊ ဆိပ်သာရောဝတီမြစ်ဖြတ် ၁၀လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးအတွက် ပိုက်များ ပြင်ဆင်ထားရှိမှု၊ မြစ်ဖြတ်ပိုက်လိုင်း အူကြောင်းရှာဖွေထားရှိမှု၊ မြစ်ရေအခြေအနေနှင့် ရေနံမြေ၏ နေ့စဉ်ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြစ်ဖြတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်း အတွက် ပိုက်ဆက်ရန် လုံလောက်သော သောင်ပြင်ပမာဏရသည်နှင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းများ၏ ထုတ်လုပ်မှုတိုးတက်ရေး၊ နေ့စဉ် စက်ဆီချောဆီသုံးစွဲမှုများ စနစ်တကျရှိစေရေး၊ လေလွင့်မှုမရှိစေရေး မှာကြားပြီး မြစ်ဖြတ်ပိုက်လိုင်းဆက်သွယ်မည့် လမ်းအူကြောင်းအား ရေယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ဆွေးနွေးမှာကြား

စက်တင်ဘာ ၁၂ရက်နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်အောင်ရေနံမြေ၌ တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော တွင်းအမှတ် ၁၆၇သို့သွားရောက်၍ ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများအားတွေ့ဆုံကာ ရည်မှန်းချက်အနက်ပေသို့ အမြန်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ရေနံမြေ၏ ထူးခြားသော မြေအောက်ဘူမိဗေဒ သဘာဝအရ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်တွက်ဆ၍ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**



ရန်ကုန်တိုင်းအတွင်း ၁၅မြို့နယ်ရှိ ပရိယတ္တိစာသင်တိုက် ၇၂ ကျောင်း၊ သီလရှင် စာသင်တိုက် ခြောက်ကျောင်းတို့မှ သံဃာတော်နှင့် သီလရှင်အပါး ၃၉၈၀ တို့အား မင်္ဂလာဈေးသူ ဈေးသားမိသားစုတို့၏ (၁၄)ကြိမ်မြောက် ဝါတွင်းသံဃာ့ဒါနဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်အိတ်၊ သင်္ကန်းနှင့်ဆေးဝါး၊ စာရေးတံမဲ လောင်းလှူပွဲကို စက်တင်ဘာ ၁၃ရက်က မင်္ဂလာဈေးမဏ္ဍာရုံတွင်ပြုလုပ်ရာ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များက သံဃာတော်များအား ဆွမ်းလောင်းလှူကြစဉ်။

(၂၁၉)

# သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ်အတွင်း ဆရာတော်များအားဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် စက်တင်ဘာ ၁၄

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့်အဖွဲ့သည် စက်တင်ဘာ ၁၀ရက်က မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၄ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့ တက်ရောက်သည်။**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ရန်ကင်းတောင်ခြေ အတုလမဟာမြကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ နှင့်အတူမင်းတပ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း သာသနာ့အလင်းရောင်ပရိယတ္တိစာသင်ကျောင်းတိုက်သို့ ရောက်ရှိ၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ (မြကျောက်ဆရာတော်)နှင့် ဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တခေမိန္ဒတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒေသအတွင်းရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းများအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဒေသခံပြည်သူများ အတွက် အဝတ်အထည်များ လှူဒါန်းသည်။

### ပေးအပ်လှူဒါန်း

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၁ ရက်တွင် ကန်ပက်လက်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းသို့ ရောက်ရှိ၍ ဆရာတော် ဘဒ္ဒန္တဥတ္တမအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာ လျှောက်ထားကာ ဒေသခံကျောင်းသားကျောင်းသူများအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ထို့ပြင် မင်းတပ်ခရိုင်အတွင်းရှိ ထေရဝါဒ တောင်တန်းသာသနာပြုဌာန၁၁ဌာနတွင် သာသနာပြုနေကြသော သံဃာတော်များအတွက် ဝါဆိုသင်္ကန်းအပါအဝင် ပရိက္ခရာရှစ်ပါးစုံကို အတုလမဟာမြကျောက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရက လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းဌေး ပဲခူးတိုင်း စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းဌေးသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၁ ရက်တွင် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော အရှည်၈၆၅ပေ၊ အကျယ် ၁၂ ပေရှိ သဖန်းကုန်းကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၊ ယာဉ်၊ စက်၊ယန္တရားများ၊ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ပန်းခြံနှင့်ပျိုးဥယျာဉ်တို့၌ ပန်းအလှပင် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယအင်ဂျင်နီယာချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ပြည် မြို့သို့ရောက်ရှိပြီး ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အမှတ်(၂) ခရိုင်ပျိုးဥယျာဉ်၌ ပန်းအလှပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။**(ယာအပေါ်ပုံ)**

ယင်းနောက် ဒုတိယအင်ဂျင်နီယာချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တီတွင်ဒ်စံပြကျေးရွာ၌ ဆောက်လုပ်ပြီးစီး၍ နေထိုင်လျက်ရှိသော ကျေးလက်အိမ်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ကျေးလက်ကျောက်ချောလမ်းခင်း

ဒုတိယအင်ဂျင်နီယာချုပ်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၂ရက်တွင် ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယအင်ဂျင်နီယာချုပ်နှင့် အဖွဲ့သည် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြစ်ရေပေးရေး (ရေစစ်ကန်)၊ မြစ်ရေပေးရေးစက်ရုံ အမှတ်(၂)နှင့် ယာဉ်၊ စက်၊ ယန္တရားများကို သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှပံ့ပိုးသော အားကစားပစ္စည်းများပေးအပ် အောင်ပွဲရပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘော်လီဘော(က)အသင်းအားဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၁၄

**မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ ကူညီပံ့ပိုးသော အားကစားအသုံးအဆောင်ပစ္စည်းများ ပေးအပ်ပွဲနှင့် ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘော်လီဘော(က)အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ကမ်းနားလမ်းရှိ သိမ်ဖြူသဘော်ကျင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် ရှေ့ဦးစွာမြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ ကူညီပံ့ပိုးသော အားကစားအသုံးအဆောင်ပစ္စည်းများကို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ပေးအပ်လှူဒါန်းရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အောင်ပွဲရ ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီးဘော်လီဘော(က)အသင်းအား ဝန်ကြီးရုံးသာရေးနာရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သာရေးနာရေးကော်မတီ၊ အေးရှားလ်ဝေါလ်ဆိပ်ခံတံတား၊ MITTဆိပ်ခံတံတား၊ MIPဆိပ်ခံတံတား၊MIPL/ APEOကုမ္ပဏီ၊ MPA/°Aliedကုမ္ပဏီ၊ မန်းမြန်မာကုမ္ပဏီ၊ OME°°ကုမ္ပဏီ၊ Prominent°Shipping Vikingကုမ္ပဏီနှင့် မြစ်တွင်းသွား တွဲရေယာဉ်များအသင်းတို့က ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်လှူဒါန်းရာ အသင်းအုပ်ချုပ်သူ ဒုတိယအထွေထွေမန်နေဂျာ (စက်မှု)ဦးမြင့်သောင်းကလက်ခံရယူပြီး**(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘော်လီဘောအသင်းအနေဖြင့် ၁၉၇၅ ခုနှစ်မှပြီးခဲ့သည့် မိုးရာသီအလွတ်တန်းပြိုင်ပွဲအပြီးအထိ ပြိုင်ပွဲ (၈၉)ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု (၇၈)ကြိမ်၊ ဒုတိယဆု (၉)ကြိမ်နှင့် တတိယဆု (၂)ကြိမ် ဆွတ်ခူးရရှိထားသည်။ **(မြန်မာ့အလင်း)**

**စက်တင်ဘာ ၉ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မသိမ့်သိမ့်အေးအား မြောက်ဥက္ကလာပမြို့နယ်(၂)ရပ်ကွက်မှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါ်စန်းစန်းဝင်းနှင့် ဒေါ်ကြူကြူတို့က ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။** (က-ပ)



# အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲဆက် အူဒီးနီစ်နှင့်ရက်ဂျီးနားတို့သရေကျ၊ပါလာမိုနိုင်ပွဲရရှိ

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

ရန်ကုန် စက်တင်ဘာ ၁၄

**၂၀၀၄-၂၀၀၅ခုနှစ် အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ စက်တင်ဘာ၁၂ရက်က ယှဉ်ပြိုင်ကစားခဲ့သော ရက်ဂျီးနားနှင့် အူဒီးနီစ်တို့ပွဲတွင် ဂိုးမရှိသရေကျပြီး ပါလာမိုနှင့်ဆီနာတို့ပွဲတွင် ပါလာမိုက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။**

ရက်ဂျီးနားနှင့် အူဒီးနီစ်တို့ပွဲကို ရက်ဂျီးနားအသင်း၏ အောဆက်ဂါရီလိုကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ကွင်းရလဒ်ကောင်းသော ရက်ဂျီးနားကို အူဒီးနီစ်တို့က အသည်းအသန် သရေကျအောင် ကစားခဲ့ရသည်။

ရက်ဂျီးနားမှာပြီးခဲ့သည့်စီးရီးအေ ဘောလုံးရာသီတွင် အဆင့်၁၄သာ ရရှိခဲ့ပြီး အူဒီးနီစ်မှာ အဆင့်ခုနစ်ရရှိခဲ့သောအသင်းဖြစ်သည်။ ရက်ဂျီးနားအသင်း ပြီးခဲ့သည့်ရာသီ၌ အောက်တန်းမဆင်းရအောင် မနည်းရုန်းကန်ခဲ့ရပြီး ၂၀၀၄-၂၀၀၅ခုနှစ် စီးရီးအေ၌ ဟန်မပျက်ပါဝင်နိုင်ခဲ့သော်လည်း အဝေးကွင်း၊ အိမ်ကွင်းနှစ်ခုစလုံး၌ ရလဒ်မကောင်းပေ။

ရက်ဂျီးနားအသင်း ပြီးခဲ့သည့် ဘောလုံးရာသီ၌ ၃၄ပွဲကစားခဲ့ရာတွင် နိုင်ပွဲ ခြောက်ပွဲသာရရှိခဲ့ပြီး သရေ ၁၂ပွဲနှင့် ရှုံးပွဲ၁၆ပွဲရှိခဲ့ရာ အိမ်ကွင်း၌ လေးပွဲအနိုင်ရရှိခဲ့သလို အဝေးကွင်း၌ ၁၇ပွဲကစားခဲ့ရာ နှစ်ပွဲသာ အနိုင်ရရှိခဲ့သည့် မှတ်တမ်းရှိနေသည်။

အူဒီးနီစ်အသင်းမှာ ယခင်နှစ်စီးရီးအေရာသီ၌ အဆင့်ခုနစ် ချိတ်နိုင်ခဲ့ပြီး ၃၄ပွဲကစားခဲ့ရာတွင် ၁၃ပွဲနိုင်၊ ၁၀ပွဲသရေ၊ ၁၁ပွဲရှုံးထားရာ အဝေးကွင်း၌ ခုနစ်ပွဲနိုင်ပြီး၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးထားသည့်ရလဒ်ရှိနေသည်။

ယခုနှစ်တွင် အသင်းကိုလူသစ်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားရာ အမ်ပိုလီမှ ကစားသမားသုံးဦးဖြစ်သည့် ဒီနာတယ်လီ၊ ကရီတရီနှင့် ဗယ်လာရီတို့အပြင် မိုဒီနာမှ မာရူနီကိုလည်း ခေါ်ယူအားဖြည့်ထားသည်။

အဝေးကွင်းရော အိမ်ကွင်းတွင်ပါ ခြေစွမ်းမထက်မြက်သည့် ရက်ဂျီးနားတို့ ပွဲစတင်သည်နှင့် အိမ်ရှင်ဟူသော ဖိအားဖြင့် အနိုင်ရရှိရေးကြိုးစားကစားရာ အလယ်တန်းမှ ဂျပန်ကစားသမားဖြစ်သည့် နာကာမူရာ၏ ဘောလုံးဖြန့်ဝေပေးနိုင်မှုကြောင့် ရှေ့တန်းမှ ဘိုနာဇိုလီ၊ တီဒါကိုတို့က အူဒီးနီစ်နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားနိုင်ခဲ့သည်။

အူဒီးနီစ်တို့ကလည်း နောက်တန်းခံစစ်မှူးများဖြစ်သည့် ဘာတိုတို၊ ခရီဘာရီနှင့် ပါခရီဒတ်တို့က တိုက်စစ်စတင် ဘောများဖြင့် ဂိုးရရှိနိုင်ရေးကြိုးစားရာ ရှေ့တန်းမှ ဗင်ဇင်ဇို၊ ဒေးဗစ်ဒီမီချယ်လီနှင့် ဒေးဗစ်ပီဇာရိုတို့က အဆုံးသတ်ဂိုးသွင်းမပိုင်နိုင်မှုများကြောင့် ဂိုးမရရှိခဲ့ပေ။

ပွဲချိန် ၃၅ မိနစ်တွင်အူဒီးနီစ်မှ ဒိုကာမိုအယ်ဘာတို ဖျက်ထုတ်ရာတွင် ကြမ်းတမ်းမှုကြောင့် အဝါကတ်ပြခံရသလိုပွဲချိန်မိနစ်၆၀တွင် အူဒီးနီစ်နောက်ခံလူ ဘာတိုတိုဟန့်တားရာတွင် လူချသလိုဖြစ်မှုကြောင့်အဝါကတ်အပြခံရသည်။

အူဒီးနီစ်တို့ ပွဲချိန်ဒုတိယပိုင်းတွင်ပိုမိုထိုးဖောက်ကစားနိုင်သော်လည်း ရက်ဂျီးနားတို့က စုပြုံခုခံကစားခဲ့မှုကြောင့် တိုက်စစ်မထိရောက်ခဲ့ရာမှ ပွဲချိန် ၈၅ မိနစ်တွင်ရက်ဂျီးနားမှ အိုင်ဗင်ဖရန့်စစ်ချီနီ ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ်ပြအထုတ်ခံရသဖြင့် ရက်ဂျီးနားတို့ ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။

ပွဲချိန်ပြီးသည်အထိ ဂိုးမသွင်းနိုင်ကြသဖြင့် သရေပွဲဖြစ်ကာ စီးရီးအေအဖွင့်ပွဲစဉ်တွင် အူဒီးနီစ်တို့အဝေးကွင်း၌တစ်မှတ်ရယူနိုင်ခဲ့သည်။



**ထိုးဖောက်**

**အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ ဂျူဗင်းတပ်နှင့် ဘရက်ရှားတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဂျူဗင်းတပ်မှ အီမာဆင် ထိုးဖောက် ကစားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ရက်ဂျီးနားမှာ ယခုနှစ်တွင် ပွဲဦးထွက် အိမ်ကွင်း၌ သရေဖြင့်စတင်ခဲ့သော်လည်း လက်ရှိခြေစွမ်းနှင့်ဆိုလျှင် တန်းမဆင်းရရေးအသည်းအသန်ရုန်းကန်ရမည့်အနေအထား ရှိနေသည်။

## ပါလာမိုနှင့်ဆီနာ

ယခုနှစ်မှ အတန်းတက်လာသည့် ပါလာမိုနှင့် ယခင်နှစ်စီးရီးအေတွင် အဆင့် ၁၃ ချိတ်ခဲ့သော ဆီနာတို့ အဖွင့်ပွဲစဉ်ကို ပါလာမိုကွင်း ရမ်ဇို ဘာဘီရာ၌ စက်တင်ဘာ၁၂ရက်က ကျင်းပခဲ့ရာ ပါလာမိုက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခင်နှစ်က စီးရီးဘီမှအဆင့်တစ်ရရှိခဲ့သည့် လူသစ်တန်းပါလာမိုမှာအိမ်ကွင်း၌ အဖွင့်ပွဲစဉ်တွင် အနိုင်ရရှိကာ သုံးမှတ်အပြည့် ယူလိုက်နိုင်ပြီဖြစ်သည်။ အိမ်ကွင်း၌ခြေမာသော ပါလာမိုမှာ ယခင်နှစ် စီးရီးဘီ၌ အိမ်ကွင်းတွင် ၂၆ပွဲ ကစားခဲ့ရာတွင် ၁၇ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးထားခဲ့ရာ စီးရီးအေအသင်းကြီးများ သတိထားရမည့်အသင်းဖြစ်သည်။

ယခုနှစ်တွင် အသင်း၌ ကစားသမားအသစ်များကို ခေါ်ယူအားဖြည့်ထားရာ ဘိုလော့ဂ်နာမှဇက်ကာဒို၊ ရေဆင်းမှ ဂွန်ဇာလက်နှင့်ပါးမားမှဘာရိုနီတို့ဖြင့် ဖွဲ့စည်းထားသဖြင့် ကစားအားတောင့်တင်းနေသောအသင်းလည်းဖြစ်သည်။

ဆီနာအသင်းမှာ အဝေးကွင်း ရလဒ်လုံးဝမကောင်းသောအသင်းဖြစ်ရာ ပြီးခဲ့သည့် စီးရီးအေရာသီတွင် အဝေးကွင်း၌ ၁၇ ပွဲကစားခဲ့ရာ တစ်ပွဲသာအနိုင်ရရှိခဲ့သည့် မှတ်တမ်းရှိနေသည်။ ယခုနှစ်တွင် ပါးမားအသင်းမှ ဖယ်စီနီ၊ အေစီမီလန်မှ ဂရာဖီးဒီ၊ ဂျူဗင်းတပ်မှ ချီမင်တိုတို့ကို ခေါ်ယူအားဖြည့်ထားသဖြင့် အင်အားတောင့်တင်းနေသော်လည်း ယခုနှစ် အဝေးကွင်းအဖွင့်ပွဲစဉ်တွင် အရှုံးနှင့် စတင်ကြုံတွေ့လိုက်ရသဖြင့် ဆီနာနည်းပြစီမိုနီမျက်နှာပျက်စရာ ဖြစ်ခဲ့ရသည်။

ပါလာမိုနှင့်ဆီနာတို့ ပွဲစတင်ကစားသည်နှင့် ပါလာမိုက ခြေအသာကစားကွက်အသာဖြင့် ဖိကစားထားနိုင်ခဲ့ရာ ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။ ပါလာမိုရှေ့တန်းမှ လူကာတိုနီ၊ ဇူလီနှင့် ဂရော့ဆိုတို့က အတွဲညီညီ နားလည်မှုရှိရှိဖြင့် ထိုးဖောက်ကစားရာ ပွဲချိန် ၂၂မိနစ်တွင် ပါလာမိုတိုက်စစ်မှူး လူကာတိုနီက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

အလယ်တန်းမှ ဂတ်စ်ဘာဂိုနီနှင့် ကိုရီနီတို့က ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကစားနိုင်ပြီး တိုက်စစ်မှူးများအတွက် တိကျသောဘောလုံးပေးပို့မှုများကြောင့်လည်း ပိုမိုထိုးဖောက် ကစားနိုင်ရာ ဆီနာနောက်တန်း ခံစစ်မှူးများ အသည်းအသန် ဖျက်ထုတ်နေရသည်။ ပွဲချိန် ၂၇ မိနစ်တွင် ဆီနာအသင်းမှ ဗာဂတ်စ်ဆိုစီယာ အဝင်ကြမ်းမှုကြောင့် အဝါကတ်ပြ သတိပေးခံခဲ့ရသလို ပွဲချိန် ၃၃ မိနစ်တွင် ဆီနာမှ ဘရူနိုစီရိုလို အဝါကတ်ပြသတိပေးခံရသည်။

ဆီနာအသင်းမှာ ရှေ့တန်းတွင် အင်ဒရီဖလို၊ကာပါရယ်လီနှင့်ဗာဂတ်စ်ဆိုစီယာတို့ ဆန္ဒစောနေမှုကြောင့် ဂိုးရရှိရေး အခွင့်အရေးကြုံသော်လည်း ကန်ချက်များ မသေချာမှုကြောင့် ချေပဂိုးမရရှိခဲ့ပေ။ ဆီနာအသင်း အလယ်တန်းမှ ဒိုနာတို၊ ကာရိုနာစီနှင့် ပက်ချီဟာတို့ ဘောလုံးအဖြတ်အတောက် ကောင်းမွန်သော်လည်း တိုက်စစ်မှူးများထံ ဘောလုံးပေးပို့မှု လွဲချော်နေသဖြင့် ထိရောက်သော တိုက်စစ် မပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲချိန် မိနစ် ၇၀ တွင် ဆီနာမှ ဘရူနိုစီရိုလို ဘောလုံးဟန့်တားရာတွင် လူချသလိုဖြစ်ရာမှ နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရရာ ဆီနာတို့ ၁၀ ဦးတည်းနှင့် ကစားခဲ့ရသည်။ ပွဲချိန် ၇၆ မိနစ်တွင် ဆီနာမှ ဖလိုအစား ဖရက်စီနီဝင်ရောက်ကစားသော်လည်း ချေပဂိုးမသွင်းနိုင်သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ဆီနာတို့ ရှုံးခဲ့ရခြင်းဖြစ်သည်။

ဆီနာအသင်း ပွဲဦးထွက်အရှုံးနှင့် စတင်မိတ်ဆက်လိုက်ရသဖြင့် ယခုနှစ် စီးရီးအေတွင် လက်ရှိခြေစွမ်းအတိုင်း ဆက်သွားပါက တန်းမဆင်းရရန်ပင် မနည်းကြိုးစားကစားရမည်ဖြစ်သည်။

## ဆမ်ဒိုးရီးယားနှင့်လာဇီယို

ယခင်နှစ်စီးရီးအေ၌ အဆင့်ရှစ်ရရှိခဲ့သော ဆမ်ဒိုးရီးယားနှင့် အဆင့်ခြောက်ရရှိခဲ့သော လာဇီယိုတို့၏ ပွဲဦးထွက်ကို ဆမ်ဒိုးနီးယားကွင်း လူဂီဖာရာရစ်၌ စက်တင်ဘာ၁၂ ရက်က ယှဉ်ပြိုင်ကစားရာ လာဇီယိုက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ကွင်းရလဒ် ကောင်းသော ဆမ်ဒိုးရီးယားတို့ ယခုနှစ်အဖွင့်ပွဲစဉ်၌ အိမ်ကွင်းတွင် လာဇီယိုကို အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသဖြင့် အိမ်ကွင်း၌ ခြေမာသောဂုဏ်ပုဒ် ပျက်ပြားခဲ့ရပြီဖြစ်သည်။ဆမ်ဒိုးရီးယားမှာ ရှုံးထွက်ဖလားတစ်ကြိမ်ရရှိခဲ့သော အသင်းဖြစ်ပြီး ခြေစွမ်းမညံ့သောအသင်းဖြစ်သည်။ လာဇီယိုမှာ အမှတ်ပေးချန်ပီယံ နှစ်ကြိမ်နှင့်ဥရောပရှုံးထွက်ဗိုလ်များဖလား တစ်ကြိမ်ရရှိခဲ့သော အသင်းဖြစ်သည့်အပြင် အဝေးကွင်းရလဒ်ကောင်းသောအသင်းလည်းဖြစ်သည်။

ဆမ်ဒိုးရီးယားတို့ အိမ်ရှင်အဖြစ် ကစားရသော်လည်း ပွဲစသည်နှင့် လာဇီယိုတိုက်စစ်မှူးများဖြစ်သည့် အင်ဇာဂီ၊ ဒီကာနီရိုနှင့်ဆီဆာတို့၏ ထိုးဖောက်ကစားမှုကို အပြင်းအထန်ကာကွယ်ခဲ့ရသည်။ ပွဲချိန် ၂၉မိနစ်တွင် လာဇီယို တိုက်စစ်မှူးတစ်ဦးကို ဆမ်ဒိုးရီးယား ဂိုးဧရိယာအတွင်း ကြမ်းတမ်းစွာ တွန်းတိုက်ကစားခဲ့မှုကြောင့် ပယ်နယ်တီအပေးခံရရာ ယင်း ပယ်နယ်တီကို လာဇီယိုမှ တိုက်စစ်မှူး ဒီကာနီရို တည်ငြိမ်စွာ ကန်သွင်းယူခဲ့သဖြင့် တစ်ဂိုးရရှိခဲ့သည်။ ဆမ်ဒိုးရီးယားမှ အင်တိုနီရိုလီကလည်း ကစားရာတွင် ကြမ်းတမ်းမှုကြောင့် အနီကတ်ပြထုတ်ပယ်ခြင်းခံရရာ ဆမ်ဒိုးရီးယားတို့ ၁၀ ဦးတည်းနှင့် ကစားခဲ့ရသည်။

လာဇီယိုအသင်း ဂိုးထပ်မံရရှိရေး ကြိုးစားသော်လည်း ဆမ်ဒိုးရီးယားတို့ နောက်တန်းတွင် ခံစစ်အားပြုကစားခဲ့သဖြင့် ဂိုးထပ်မံမရရှိဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် လာဇီယိုအသင်းအနိုင်ရရှိခဲ့ကာ ပွဲဦးထွက် (၃)မှတ်အပြည့်ရရှိသွားခြင်းဖြစ်သည်။

စီးရီးအေ ဘောလုံးပွဲစဉ်များတွင် ယခုနှစ်၌ အတန်းတက်လာသော အသင်းများ ခြေစွမ်းပြနိုင်ကြရာ ယခင်နှစ်ကထက် အကြိတ်အနယ်ရှိလာမည်ဖြစ်ပြီး ပွဲကြီးပွဲကောင်းများ တွေ့မြင်ရတော့မည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

# စပိန်လာလီဂါပွဲစဉ်(၂)အပြီး အက်သလက်တီကိုအသင်း ဘာစီလိုနာ၊ရီးရဲမက်ဒရစ်တို့နှင့်အတူ ခြောက်မှတ်စီရရှိထား

**မက်ဒရစ် စက်တင်ဘာ ၁၄**

အက်သလက်တီကိုမက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်သည် အယ်ဘာစီတီအသင်းကို တနင်္ဂနွေနေ့ကပွဲတွင် နှစ်ဂိုးသွင်းခဲ့ပြီးနောက် ဘာစီလိုနာအသင်းနှင့် ရီးရဲမက်ဒရစ်အသင်းတို့နှင့်အတူ စပိန်လာလီဂါတွင် အမှတ်ပြည့်ရရှိထားသည်။

စပိန်လက်ရွေးစင်အသင်းမှအဆိုပါတိုက်စစ်မှူးသည် ၈၅မိနစ်တွင် အပိုင်ကန်သွင်းခွင့် အခွင့်အရေးနှင့်အတူ ဦးဆောင်ဂိုးသွင်းပေးခဲ့သည်။ ဒုတိယမြောက်ဂိုးကို အီဘာဂါဇာက အချိန်ပြည့်ခါနီးတွင် သွင်းယူလိုက်သည်။

အက်သလက်တီကိုအသင်းသည် နှစ်ပွဲကစားပြီးနောက် ဇယားတွင် ဦးဆောင်လျက်ရှိသည်။ စနေနေ့က ယှဉ်ပြိုင်ကစားခဲ့ကြသည့် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့သည် ဆီဗီးလ်နှင့် နူမန်စီယာအသင်းတို့ကို အနိုင်ရရှိကာ ရာသီအစ တာထွက်ကောင်းခဲ့ပြီး (၆)မှတ်စီရရှိထားသော အသင်းများနှင့် တန်းတူဖြစ်နေသည်။

တနင်္ဂနွေနေ့က ဒီပို့တီဗိုအသင်းနှင့် အိုဆာစူနာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဒီပို့တီဗိုအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

### အောင်ပွဲခံ

အက်စ်ပန်ညော် အသင်းသည် အာဂျင်တီးနားတိုက်စစ်မှူး မက်စီရိုဒီကွက်ဇ်၏ ဟက်ထရစ်(သုံးဂိုး)သွင်းပေးမှုကြောင့် ရီးရဲဘက်တစ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ဆက်လက်အောင်ပွဲခံလျက်ရှိသည်။

လီဗန်တေးအသင်းသည် ရေဆင်းဆန်တင်ဒါအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ပထမဆုံးနိုင်ပွဲကိုစခဲ့သည်။

ချန်ပီယံ ဗလင်စီယာအသင်းသည် ဘီလ်ဘိုအသင်းနှင့် နှစ်ဂိုးစီသရေကစားထား၍ အခြားသော အသင်းများနည်းတူ (၄)မှတ်သာ ရသေးသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှားအားကစား

## ကမ္ဘာ့ဘောလုံးသတင်းအကျဉ်း

- **အင်္ဂလိပ်ပရီမီးယားလိဂ် ပွဲစဉ်(၅)အပြီး အာဆင်နယ်အသင်း ရှုံးပွဲမရှိ (၁၅)မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေ၊**
- **ဂျာမနီဘွန်ဒက်စ်လီဂါ ပွဲစဉ်(၄)အပြီး စတုဂတ်အသင်းက ဟမ်းဘတ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ဇယားထိပ်ရောက်ရှိ၊**
- **စပိန်လာလီဂါ ပွဲစဉ်(၂) ကျင်းပအပြီး ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကိုအသင်းများ (၆)မှတ်စီ ရရှိထား၊**
- **ပြင်သစ်လိဂ် ပွဲစဉ်(၅) ယှဉ်ပြိုင်ကစားအပြီး ဘက်စတီးယားအသင်း (၁၂)မှတ်ဖြင့် ထိပ်ဆုံးရောက်ရှိ၊**
- **စကော့တလန်လိဂ် ပွဲစဉ်(၅)အပြီး ဆဲလ်တစ်အသင်း (၁၅)မှတ်ဖြင့် အမှတ်ပြည့်ရရှိထား၊**
- **ဟော်လန်ပထမတန်း ဖေယန်နူးအသင်း ဇယားထိပ်ရောက်၊**
- **အီတလီစီးရီးအေ ပွဲစဉ်(၁) ဂျူဗင်းတပ်၊ ရိုးမားနှင့်လာဇီယိုအသင်းများ အနိုင်ရရှိ။**

# ဟော်လန်ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ

**အမ်စတာဒမ် စက်တင်ဘာ ၁၄**

ဟော်လန်ချန်ပီယံ အေဂျက်ဇ် အမ်စတာဒမ်သည် အေဒိုဒန်ဟာဂ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ဂိုးသွင်းခဲ့ချိန်တွင် ဖေယန်နူးအသင်းသည် အင်ရှက်ဒီအသင်းကို သုံးဂိုး-တစ်ဂိုး ဖြင့်နိုင်ကာ ဟော်လန် ပထမတန်းဇယားထိပ်သို့ ရောက်လာသည်။

အေဂျက်ဇ်အသင်းအတွက် ဝေလတိုက်စစ်မှူး ဆွန်ခဲ့က ၃၁ မိနစ်တွင် စတင်ဂိုးသွင်းပြီး စတီဗင်ပီယင်နာနှင့် ဘောက်ဟာရီတို့က တစ်ဂိုးစီသွင်းပေးခဲ့သော်လည်း ဒန်ဟာဂ်အသင်းက သုံးဂိုးပြန်သွင်းသဖြင့် သရေဖြစ်သွားခဲ့သည်။

ဖေယန်နူးအသင်းသည် အိုင်ဟိုဗင်အသင်းနှင့် (၁၀)မှတ်ချင်း တူသော်လည်း ဂိုးကွာခြားချက်ဖြင့် ဇယားထိပ်တွင် ရပ်တည်လျက်ရှိသည်။ အိုင်ဟိုဗင်အသင်းသည် ဝေါဝစ်အသင်းကို စနေနေ့က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်လိုက်သည်။

အေဂျက်ဇ်အသင်းသည် (၈)မှတ်သာရရှိထားသည်။ အက်ထရက်အသင်းသည် အင်န်အီးစီနီမာဂျင် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်လိုက်၍ စတုတ္ထနေရာသို့ တက်လာနိုင်ခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

# အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲစပြီ စွမ်းအင်အသင်းက ကမ္ဘောဇအသင်းကိုအနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စတင်ကျင်းပရာ စွမ်းအင်အသင်းက ကမ္ဘောဇအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

စွမ်းအင်အသင်းအတွက် ပထမဂိုးကိုပွဲစပြီး ၈မိနစ်အကြာတွင် နိုင်ဝင်းက သွင်းယူသည်။ ကမ္ဘောဇအသင်းအတွက် ချေပဂိုးကို ပွဲချိန်မိနစ်၄၀တွင် အောင်မျိုးဝင်းက သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် တစ်ဖက် တစ်ဂိုးစီ သရေဖြစ်နေသည်။

ဒုတိယပိုင်းပြန်စပြီး မကြာမီပွဲချိန် ၄၇မိနစ်တွင် စွမ်းအင်အသင်းအတွက် နိုင်ဝင်းက ဒုတိယဂိုးသွင်းယူသဖြင့် ဦးဆောင်မှုရရှိခဲ့သည်။ စွမ်းအင်အသင်းအတွက် တတိယဂိုးကို ပွဲချိန်၇၅မိနစ်တွင် ဇော်မင်းကသွင်းယူသဖြင့် ပွဲအပြီးတွင် စွမ်းအင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ယမန်နှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သော စွမ်းအင်အသင်းပွဲဦးထွက် (၃)မှတ်ရရှိသွားသည်။ ပထမတန်းမှ အတန်းတက်လာသော ကမ္ဘောဇအသင်းသည် ကွင်းဖွင့်ဖလားပြိုင်ပွဲက ခြေစွမ်းမျိုးမဟုတ်တော့ဘဲ တိုးတက်မှုရှိလာပြီး ယနေ့ပွဲ၌ သူတင်ကိုယ်တင်ကစားသွားနိုင်သည်။

## ယနေ့ပွဲ

စက်တင်ဘာ၁၅ရက် **(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပတ္တမြားနဂါးအသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## မဟာသတိပဋ္ဌာန်ဝိပဿနာကျင့်စဉ် ၁၀ရက်တရားစခန်း

**ရန်ကုန် စက်တင်ဘာ ၁၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာ တောရစာသင်တိုက်တွင် နှစ်စဉ်ကျင်းပသော တရားအလုပ်ဘာဝနာစခန်းကို ၁၃၆၆ခုနှစ် တော်သလင်းလဆန်း၆ရက်မှ ၁၅ရက်အထိ ၁၀ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ အလုပ်ပေးတရားကို ပေါက်တော တောရစာသင်တိုက် ဆရာတော် ဦးသောဘဏအမှူးပြု၍ ရွှေလှေကျေးရွာ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဦးနာဂိန္ဒ၊ သထုံမြို့ ဓမ္မဒူတခရမ်းကျောင်းဆရာတော် အရှင်ဉာဏဝရ၊ ကင်းရွာ ရွာလယ်မင်းကွန်းရိပ်သာဆရာတော် ဦးကဝိန္ဒအရှင်သူမြတ်တို့မှ ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသောယောဂီသူတော်စင်များ စာရင်းပေးသွင်း၍ လာရောက်အားထုတ်နိုင်ပြီး တရားစခန်းတွင် ရဟန်းဘောင်သို့ ဝင်ရောက်ပြီး တရားအားထုတ်လိုသူများသည် တော်သလင်းလဆန်း ၅ရက် မွန်းလွဲ ၂နာရီတွင် ပေါက်တော တောရစာသင်တိုက်သို့ လာရောက်ရမည်ဖြစ်သည်။ **(က-ပ)**

## ဘူမိသိပ္ပံအသင်းပညာရပ်ဆိုင်ရာဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံဘူမိဗေဒသိပ္ပံအသင်း၏ ဒုတိယအကြိမ် ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၁၈ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောမည့်ခေါင်းစဉ်များမှာ ဦးစန်းလွင်(ညွှန်ကြားရေးမှူး/ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)၏ Geotechnical Investigation in Dam Construction (ဆည်တည်ဆောက်ရေးအတွက် အင်ဂျင်နီယာဘူမိဗေဒ စူးစမ်းရေးလုပ်ငန်းများ)နှင့် ဦးဉာဏ်သင်း(ဘူမိဗေဒပါမောက္ခ၊ငြိမ်း) The World of Diamonds (စိန်ကမ္ဘာ) တို့ဖြစ်ပြီး အသင်းဝင်များ နှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စစ်သည်တော်ကျင့်ဝတ် ဖြေဆိုပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

ကာကွယ်ရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ်ဒုတိယလေးလပတ်စစ်သည်တော်ကျင့်ဝတ်ဖြေဆိုပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာခန်းမ၌ကျင်းပသည်။

အဆိုပါဖြေဆိုပွဲ ကျင်းပရာသို့ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။ ဖြေဆိုပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာန ရုံးဌာနအသီးသီးမှ အရာရှိ အဆင့် ၃၄ဦး၊ အရာခံအဆင့် ၄၁ဦး၊ အကြပ်အဆင့် ၆၉ဦးနှင့် တပ်သား အဆင့် ၃၁ဦး၊ စုစုပေါင်း ၁၇၅ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။ **(သတင်းစဉ်)**

## သတင်းစာပညာသင်တန်းသားများ မူးယစ်အထိမ်းအမှတ်ပြတိုက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်းသား အမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသား သင်တန်းသူများသည် သင်တန်းမှူး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ သင်တန်းသားသင်တန်းသူများအား ဒုတိယရဲမှူးကြီးဌေးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများက ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒုတိယရဲမှူးကြီး ဌေးအောင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင် ဦးမိုးကျော်က ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

## သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ မွတ်ဆလင် သက်ကြီးဂေဟာ၌ ကျင်းပသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရခြင်း၊ ငွေပဒေသာပင်နှင့်ဆေးဝါးများလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ငွေပဒေသာပင် အတွက် လှူဒါန်းငွေကျပ်ငါးသောင်းနှင့် ဆေးဝါးများကိုပေးအပ်လှူဒါန်းရာ မွတ်ဆလင် သက်ကြီးဂေဟာကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဟာဂျီ ဦးလှဝေနှင့် ဂေဟာမှူး ဆရာဦးကျော်ဝင်းတို့က လက်ခံကာ ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

**စက်တင်ဘာ ၁၃ရက်ကကျင်းပသော အမက(၄၅) သာကေတ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သာကေတမြို့နယ် လက်ထောက် ပညာရေးမှူး ဦးအေးဆွေက ငါးနှစ်ဆက်တိုက်ပထမဆုရရှိသူ မောင်ထက်နေဝင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)**



## မြန်မာနိုင်ငံဆရာဝန်အသင်းဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာအဖွဲ့ကကြီးမှူးကျင်းပမည့် Symposium on Management of Portal Hypertension ဟောပြောပွဲကို စက်တင်ဘာ ၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ မှတ်ပုံတင်ပြုလုပ်ပြီး တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


နတ်နွယ် (တတိယအကြိမ်) ထွက်ပြီ

**ရောမက မိန်းမပျက်**

☎-°241128






**LCCI Computerised Accounting Course**

- စာရင်းကိုင်အဖြစ်အသက်မွေးဝမ်းကျောင်းပြုနေသူများ
- LCCI Level II, III (Accounting) အောင်မြင်ပြီးသူများအားလုံး တက်ရောက်နိုင်ပါသည်။

အထူးအခွင့်အရေး - Series 2 2001နောက်ပိုင်း Accounting Diploma ရရှိပြီးသူတိုင်း ဤဘာသာရပ်တစ်ခုတည်းဖြေဆိုအောင်မြင်ပါက Diploma in Computerised Accounting ထပ်မံရရှိနိုင်ပါသည်။

MCC





## မကွေးတက္ကသိုလ် အာစရိယပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၁၄**

၁၉၆၄မှ၁၉၇၆ မကွေးကောလိပ်ကျောင်းသားကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မကွေးတက္ကသိုလ်တွင် ကျင်းပမည်ဖြစ်ရာ အကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ပူဇော်ပွဲသို့လိုက်ပါမည့်ကျောင်းသား ကျောင်းသူများသည် အောက်တိုဘာ ၁ရက်(သောကြာနေ့) ညနေ ၆နာရီတွင် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံရှေ့စုရပ်သို့ အရောက်လာရမည်ဖြစ်သည်။

အလှူငွေနှင့်ခရီးစရိတ်ငွေများကို ဦးခင်မောင်ညွှန့် ဖုန်း-၀၁-၆၆၃၈၁၀၊ ဦးတင်မောင်သန်း ဖုန်း-၀၉-၅၀၀-၃၈၉၉၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၀၁-၈၅၃၃၊ ဦးသိန်းတန် ဖုန်း-၀၁-၂၄၄၁၀၅၊ ဒေါ်ကြည်ကြည်တင် ဖုန်း-၀၉၉၉-၂၅၃၄၄၊ ဒေါ်ခင်မာမာဖုန်း-၀၁-၅၃၅၆၂၂နှင့် ဒေါ်မိမိခိုင် ဖုန်း-၀၁-၆၄၀၈၆၈တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**


**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်မောင်မင်းဆွေ၏နိုင်ငံကူးလက်မှတ်အမှတ် ၁၈၁၅၁၀ စာအုပ်ပြွန်တန်ဆာမှ ပဲခူးမြို့အကြား ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မောင်မင်းဆွေ ဖုန်း-၅၆၁၂၂၅။**

**S.S သို့ ဆက်သွယ်ပါ**

ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်ဘွဲ့လက်မှတ် စက်တင်ဘာ ၉ရက်က S.S Food Channel အမှတ်၆၀ ဆရာစံလမ်းတွင်ကျန်ခဲ့ပါ၍ အထောက်အထားတစ်ခုခုနှင့် ပြန်လာယူပါ။

# မြိတ်မြို့နယ် ဆီအုန်းစိုက်ခင်းများ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်စစ်ဆေး ဆီအုန်းပျိုးခင်းနှင့်စိုက်ပျိုးမြေဖော်ထုတ်နေမှုကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၁၄

**တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၆ရက် နံနက်ပိုင်းက မြိတ်မြို့နယ်ရှိ ကမ္ဘောဇကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ကုမ္ပဏီမှတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

## ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ တိုင်းမှူးသည် ထူးထရေးဒင်းကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းမှူးအား ထူးထရေးဒင်း ကုမ္ပဏီ လီမိတက် တာဝန်ခံ ဒေါ်ချိုချိုအောင်က ဆီအုန်းပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးမြေများ ဖော်ထုတ်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဆီအုန်းပျိုးခင်းနှင့် စိုက်ပျိုးမြေဖော်ထုတ်နေမှုကို ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက်ရှိ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းများနှင့် ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ပံ့ပိုးဖြည့်ဆည်းပေး

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ပြည်ကြီးမဏ္ဍိုင်မြို့နယ်ရှိ လေညှာတံတားရှင်းလင်းဆောင်သို့ သွားရောက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံပြီး မြို့နယ်အတွင်း လယ်မြေများ တိုးချဲ့စိုက်ပျိုးရေး၊ တောင်စောင်းနှင့် လျှိုမြောင်ကြားတွင် တောင်ယာစပါးများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးရေး၊ ရွာစဉ်တစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးရေး မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် ဘုတ်ပြင်းရိပ်သာ၌ ကော့သောင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးနှင့် ဘုတ်ပြင်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဝမ်းစာ ဖူလုံရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဆီအုန်းပင်များ အောင်မြင်ဖြစ်ထွန်းရေး၊ ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





**စက်တင်ဘာ၆ရက်က လှိုင်သာယာမြို့ အမှတ်(၃၈)အခြေခံပညာမူလတန်းကျောင်းတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ကျင်းပရာ ကျောင်းသားကျောင်းသူများက 'မျှမျှတတ အာဟာရ' ခေါင်းစဉ်ဖြင့် သရုပ်ဖော် ဖျော်ဖြေကြစဉ်။**
(မြို့နယ် ပြန်/ဆက်)

## ဖွင့်လှစ်

**အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်ရှိ အလက (၉)၏ ပညာ့ဗိမာန် စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၉ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးတင်မောင်လွင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးအုန်းကျော်နှင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်နန့်အိဗာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**
(ခရိုင် ပြန်/ဆက်)

**သြဂုတ် ၂၃ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပန်းဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြက်ခင်းပြုပြင်ခြင်းနှင့် ပျိုးဥယျာဉ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းပြသစဉ်။**
(မြို့နယ်စည်ပင်)



## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**ဂန့်ဂေါ စက်တင်ဘာ ၃**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ မင်းကြည့်ကျေးရွာ 'ဦးသုတ' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို သြဂုတ်၉ ရက်နံနက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ကျောက်ထုမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမနားယော တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (၂၇၃)

## စုပေါင်းသန့်ရှင်းရေး ကြီးကြပ်ဆောင်ရွက်

**မိုးကုတ် စက်တင်ဘာ ၅**

မိုးကုတ်မြို့ ခုတင် ၁၀၀ ဆံ့ ဆေးရုံတည်ဆောက်မည့် မြေနေရာတွင် ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းကို သြဂုတ် ၂၈ရက်က ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်ငန်း ဆောင်ရွက်ရာသို့ မိုးကုတ်မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

## ဆောင်ရွက်

**ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့်အဖွဲ့ သြဂုတ် ၁၉ရက်က မြေယာရှူခင်း အလှပြုပြင်ခြင်းကို ကြီးကြပ် ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)





**သြဂုတ် ၂၂ ရက်က သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကပင‌ကျေးရွာမှကရပ်ပို့ကျေးရွာကားလမ်းပေါ်ရှိ ၂၃ပေ x ၁၆ ပေရှိ ကွန်ကရစ် တံတားတည်ဆောက်မှုကို အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဘသိန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**
(မြို့နယ်စည်ပင်)

# ကျေးလက်ဒေသသောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များ လှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၁၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

## ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း– ၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

# ပခုက္ကူမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး သစ္စာရောင်ခြည် စာကြည့်တိုက်ဖွင့်

**ပခုက္ကူ စက်တင်ဘာ ၈**

ပခုက္ကူမြို့နယ် ညောင်ပင်လှကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၏ ကိုယ့်အားကိုယ်ကိုး သစ္စာရောင်ခြည်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါကျေးရွာ ဣန္ဒာသယကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် ခရိုင်ဦးစီးအရာရှိ ဦးဝင်းဖေ**(အောက်ပုံ)**တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်နှင့် စာကြည့်တိုက်ဖွင့်လှစ်ဆောင်ရွက်ရခြင်းကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေက ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**





# ဒေးဒရဲမြို့နယ် ပညာရတနာစာကြည့်တိုက်ဖွင့်လှစ်

**ဒေးဒရဲ စက်တင်ဘာ ၁၂**

ဒေးဒရဲမြို့နယ် မော်ဘီကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာရတနာ စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်း၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ယဉ်မူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘိုးဆယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ပညာရတနာ စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၂၅၀နှင့်အတူ ရန်ကုန်မြို့မှအလှူရှင်များက ပေးပို့သည့် ဗလာစာအုပ်၊ ဘောပင်နှင့် ပေတံများကို ကျောင်းသားကျောင်းသူများအား ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

**စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့**

# သိန်းနီမြို့နယ်ပညာ့အလင်းစာကြည့်တိုက်ဖွင့်

**သိန်းနီ စက်တင်ဘာ ၂**

သိန်းနီမြို့ပန်တီးကျေးရွာအုပ်စုတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ့်အားကိုယ်ကိုး ပညာ့အလင်း စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၈ ရက်က ပန်တီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးမှူး ဒေါ်ရည်ရည်မွန်နှင့် ကျေးရွာအတွင်းရေးမှူး ဦးထွန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**လက်ခံရယူ**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလှူဒါန်းသော မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများကို မြို့နယ်ဦးစီးမှူး ဒေါ်ရည်ရည်မွန်က ပေးအပ်လှူဒါန်းရာ ကျေးရွာအတွင်းရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာလှိုင်ထွန်းတို့က လက်ခံရယူကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက် သတင်းနှင့် မြင်ကွင်း

## စာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်း

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၂**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ် လပွတ်ကွဲနုံးတန်းကျေးရွာအုပ်စု ကညင်ချောင်းကျေးရွာ အားမာန်သစ် ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၈ ရက်နံနက် ၁၀ နာရီက အားမာန်သစ် ကျေးလက်စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမြသောင်းက အမှာစကားပြောကြားပြီး လပွတ်ကွဲနုံးတန်း ကျေးရွာအုပ်စု စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ခေါင်းဆောင် ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)က စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ အားမာန်သစ် ကျေးလက်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက လက်ခံရယူသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

## ပေးအပ်လှူဒါန်း

**စက်တင်ဘာ ၆ ရက်က ရွှေကျင်မြို့နယ် ကံဘေးအိုင်ကျေးရွာအုပ်စု ကျောက်လုံးကြီးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစိုးရည်က စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။**

(မြို့နယ် ပြန်/ဆက်)



## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်



* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။
* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။




**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**





# ကိုယ့်အားကိုယ်ကိုး ပညာ့အလင်းစာကြည့်တိုက်ဖွင့်

**ဟိုပုံး စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၁၂ ရက်က ဟိုပုံးမြို့နယ် ဖာလိုင်ကျေးရွာတွင် ပညာ့အလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာဝေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရေးဦးစွာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာဝေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောသည်။

ထို့နောက်ပညာ့အလင်းစာကြည့်တိုက်အတွက် အလှူရှင်များက စာအုပ်မျိုးစုံ ၂၅၀ ကျော်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌဦးစိုင်းက လက်ခံရယူပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကြီးကြပ်ဆောင်ရွက်

**ဩဂုတ် ၂၈ ရက်က တောင်ငူမြို့ ထန်းကုန်းကျေးရွာ လမ်းဘေးဝဲယာရှိ ချုံနွယ်များနှင့် မြက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းရေး ဝန်ထမ်းများနှင့် ကျေးရွာသူကျေးရွာသားများစုပေါင်း၍ ခုတ်ထွင်ရှင်းလင်းကြရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်၊ အင်ဂျင်နီယာမှူး ဦးဌေးညွန့်နှင့် ထန်းကုန်းကျေးရွာဥက္ကဋ္ဌ ဦးခင်တို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

# မိဘများက မိမိတို့ရင်သွေးသားသမီးများကို နိုင်ငံ့သားကောင်းသမီးမွန်များဖြစ်အောင် ဆုံးမသွန်သင်ပြုစု
# ဆရာ ဆရာမများကလည်း မိမိတို့တပည့်များကို ပညာရည်မြင့်မားရေး ဂရုပြုဆောင်ရွက်
# ကျောင်းသားများကလည်း အရည်အချင်းပြည့်ဝသောလူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာစေရန်ကြိုးစား



**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးဒေါင့်ကန် အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကာ ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဓါတ်ပုံ)** *စာမျက်နှာ ၁၁ ကော်လံ ၁* ■

## နိုင်ငံ့သားကောင်းဖြစ်ရေး

- ❑ နိုင်ငံတော်အတွက်သားကောင်းရတနာများဖြစ်အောင် စနစ်တကျ မွေးမြူပြုစုပေး။
- ❑ နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်စေရေးတွင် အုပ်ထိန်းသူမိဘ၊ သင်ကြားပေးသူ ဆရာ ဆရာမများနှင့် သင်ယူဆည်းပူးသူ ကျောင်းသားကျောင်းသူများအားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်။


### ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၁၀၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန


### ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မိုးရေချိန်

၁၄-၉-၂၀၀၄

| | |
|---|---|
| မင်္ဂလာဒုံ | ၁ ဒသမ ၀၂ လက်မ |
| ကမ္ဘာအေး | ၀ ဒသမ ၆၂ လက်မ |
| ရန်ကုန်မြို့လယ် | ၁ ဒသမ ၈၅ လက်မ |

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

### အင်္ဂါဂြိုဟ်စူးစမ်းလေ့လာမှု

အင်္ဂါဂြိုဟ်ပေါ်၌ တစ်ချိန်က ရေရှိခဲ့မည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ယူဆခဲ့ကြသည့်အလျောက် အင်္ဂါဂြိုဟ်နှင့်စပ်လျဉ်း၍ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။ **အောက်ပုံ**မှာ ကမ္ဘာဂြိုဟ်ကိုပတ်နေသော နာဆာက လွှတ်တင်ထားသည့် ဟပ်ဘယ်လ် အာကာသမှန်ပြောင်းမှနေ၍ ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၄၃ သန်းအကွာနီးပါး၌ အင်္ဂါဂြိုဟ်ရိုက်ကူးထားခဲ့သောပုံဖြစ်သည်။ **(ဓာတ်ပုံ-အင်တာနက်)**



### အရည်အသွေးမီ ဘော့ဆွာနာစိန်တုံး

ဘော့ဆွာနာနိုင်ငံသည် ကမ္ဘာ့အရည်အသွေးမီ စိန်ထွက်ရှိမှုတွင် ထင်ရှားသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ တစ်နှစ်လျှင် စိန်ထွက်ရှိမှုသည် ကရက်သန်း၃၀အထိ ရှိသည်ဟုသိရသည်။ **ဝဲပုံ**မှာ ဘော့ဆွာနာ နိုင်ငံမှ စိန်တူးဖော်ရေး အလုပ်သမား တစ်ဦး တူးဖော်ရရှိခဲ့သည့် စိန်အရိုင်းတုံး တစ်တုံး ဖြစ်သည်။ **(ဓာတ်ပုံ-အင်တာနက်)**




ခေါင်းကြီး
သတင်း
ဆောင်းပါး
အညွှန်း

- ❖ "ရေရရှိရေးလုပ်ငန်းများအတွက် အလှူဒါနပြုကြခြင်းသည် ကျေးလက်ဒေသများရှိပြည်သူများ၏ လူနေမှုဘဝရှင်သန်ဖွံ့ဖြိုးစေရေးအတွက် တိုက်ရိုက်အကျိုးပြုသော မွန်မြတ်သည့် အလှူဒါနတစ်ခု"
  **ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး** ခေါင်းကြီး (စာ-၂)
- ❖ စက်တပ်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြသူများအားလုံးသည် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင် ရယူကြရမည်။
  **သင့်မြတ်သူ (ပစန) ၏ "သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းလိုင်စင်အကြောင်းသိကောင်းစရာ"** ဆောင်းပါး (စာ-၃)
- ❖ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းဆပ်ကော်မတီကိုးခုဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့။
  **မြင့်စိုး (နတလ) ၏ "အေးအေးချမ်းချမ်း ကျန်းကျန်းမာမာနယ်စပ်ဒေသမှာ"** ဆောင်းပါး (စာ-၁၀)
- ❖ စက်တင်ဘာ ၁၃ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၁၂ ဦးရှိသွားပြီ။
  နိုင်ငံတကာသတင်း (စာ-၄)